ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

## မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်

မိမိကိုယ်ကိုချစ်လျှင် (အကုသိုလ် မဖြစ်စေရအောင်၊ ကုသိုလ်ပွားများအောင်) မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်ရာ၏၊ အရွယ်သုံးပါးတို့တွင် (အနည်းဆုံး) တစ်ပါးပါးသော အရွယ်၌ ပညာရှိသော သူသည် မိမိကိုယ်ကို အကုသိုလ်မှ စင်ကြယ်အောင် စောင့်ရှောက်ရာ၏။

အဂ္ဂဝဂ်(ဓမ္မပဒ-၁၅၇)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်၊ စနေနေ့။ Saturday, 4 October 2025 ၁၁၉၆၀

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

ယနေ့ ဖတ်စရာ

စက်မှုဇုန် ၂၈ ခု၊ စက်မှုရပ်ကွက် ငါးခုနှင့် တည်ထောင်ဆဲစက်မှုဇုန် စီမံကိန်း နှစ်ခုရှိသည့်အတွက် စက်မှုဇုန်များကို အဆင့်မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက် စာမျက်နှာ » ၃

ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီ အစည်းအဝေး ကျင်းပ စာမျက်နှာ » ၄

အကြမ်းဖက်သမားတွေအတွက် ပြေးစရာမြေက နည်းလာနေပြီ ဆောင်းပါး စာမျက်နှာ » ၆

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် DPLA၊ KNDF၊ PNLO၊ ကရင်နီအမျိုးသားလွတ်မြောက်ရေးတပ်ပေါင်းစုနှင့် PDF အမည်ခံအဖွဲ့ဝင် ၃၀ တို့ လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက် စာမျက်နှာ » ၁၁

# သီတင်းကျွတ်ကာလအတွင်း အထူးရထားခရီးစဉ်များ ပြေးဆွဲမည်

နေပြည်တော် အောက်တိုဘာ ၃

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် သီတင်းကျွတ်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် နေပြည်တော် -ရန်ကုန်-နေပြည်တော် ခရီးစဉ်အတွက် DEMU (ဂျပန်)တွဲဆိုင်း အထူးရထားများအား အောက်ပါအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ပါသည်-

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖



## ပြည်တွင်းစက်သုံးဆီဈေးနှုန်း ဆက်လက်ကျဆင်းလျက်ရှိ၊ သီတင်းကျွတ်ပွဲတော်ခရီးသွားရာသီနှင့် လာမည့်ပွင့်လင်းရာသီကာလအတွင်း လုံလောက်စွာသုံးစွဲရေး ကြိုတင်စီမံဆောင်ရွက်ထားပြီးဖြစ်

နေပြည်တော် အောက်တိုဘာ ၃

မြန်မာကျပ်ငွေပိုမိုခိုင်မာလာပြီး ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်မှုနှုန်း ဆက်တိုက်ကျဆင်းနေမှုကြောင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်းသည်လည်း ကျဆင်းလျက်ရှိသည်။

ထို့ပြင် ပြည်ပမှစက်သုံးဆီများ ကြိုတင်စီမံတင်သွင်းထားမှုကြောင့် သီတင်းကျွတ်ပွဲတော် ခရီးသွားရာသီအတွင်း အဓိကလမ်းမကြီးများနှင့် အဓိကမြို့ကြီးများရှိ အရောင်းဆိုင်များတွင် ကြိုတင်ဖြည့်တင်းခြင်းများ စီမံဆောင်ရွက်ထားရှိပြီးဖြစ်သည့်အပြင် လာမည့်ပွင့်လင်းရာသီကာလအတွင်း ပွဲတော်ကာလများနှင့် သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးရေး၊ စက်မှုဇုန်နှင့် ကုန်ထုတ်လုပ်ငန်းများအတွက် လုံလောက်စွာသုံးစွဲရေး စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်း စက်သုံးဆီလုပ်ငန်းရှင်အသိုင်းအဝိုင်းထံမှ သိရသည်။

သတင်းစဉ်

ကြေးမုံ

# ခရီးသွားများလာရောက်လည်ပတ်နိုင်ရေး လုံခြုံချောမွေ့စေရေးကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အောက်တိုဘာလ ၂ ရက်နေ့က ပြင်ဦးလွင်ဘူတာကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာတွင် အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းခွဲဖျက်ဆီးမှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဂုတ်ထိပ်တံတားပြုပြင်ခြင်းလုပ်ငန်းများနှင့် တံတားလုံခြုံရေးအတွက် လိုအပ်သည်များကိုလည်း စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားနှင့် ကမ္ဘာကျော် ရှေးဟောင်းမီးရထားလမ်းတံတားတစ်စင်းဖြစ်သည့် ဂုတ်ထိပ်တံတား (ကျောက်မဲမြို့နယ်ဘက်ခြမ်း)ကို TNLA အကြမ်းဖက်သောင်းကျန်းသူများက ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ပြီး နောင်ချို-ကျောက်မဲလမ်းကြောင်းတစ်လျှောက်၌ လမ်းပန်းဆက်သွယ်ရေး အခက်အခဲဖြစ်စေရန်အတွက် အတားအဆီးများပြုလုပ်၍ လမ်းများပိတ်ဆို့ထားခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်ခဲ့ရသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းပြီး လမ်းကြောင်းတစ်လျှောက်ရှိ အတားအဆီးများကို လူအင်အား၊ စက်ယန္တရားအင်အားအသုံးပြု၍ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများနှင့် တံတားများကို အများပြည်သူ ပြန်လည်အသုံးပြုနိုင်ရေး၊ ပို့ဆောင်ဆက်သွယ်မှုအဆင်ပြေချောမွေ့စေရေးတို့အတွက် တပ်မတော်မှ စစ်မြေပြင်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များက ယာယီသံပေါင်ဘေလီတံတားထိုးခြင်းလုပ်ငန်းများကို ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့မှစတင်၍ နေ့ညမပြတ် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ ကျောက်မဲ-နောင်ချို-ပြင်ဦးလွင် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ဒေသခံ ခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်များ စိတ်အေးချမ်းသာစွာသွားလာနိုင်ရေး နယ်မြေလုံခြုံရေးလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ကမ္ဘာ့သမိုင်းဝင် ဂုတ်ထိပ်မီးရထားလမ်းတံတားပျက်စီးမှုအပိုင်းကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များအကူအညီဖြင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများက နေ့မအား၊ ညမနား ပြုပြင်လျက်ရှိရာ ယခုအခါ ဂုတ်ထိပ်မီးရထားလမ်းတံတား ပြုပြင်တည်ဆောက်မှုလုပ်ငန်းများ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေကြောင်း သိရသည်။ မန္တလေး-လားရှိုးလမ်းပိုင်းရှိ ပြင်ဦးလွင်-နောင်ချို-ဂုတ်ထိပ်-ကျောက်မဲ ရထားလမ်းပိုင်းတွင် ရထားပြန်လည် ပြေးဆွဲနိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဂုတ်ထိပ်-နောင်ပိန်ကြား ဂုတ်ထိပ်တံတားတိုင်အမှတ်(၁၆)နှင့် ကမ်းကပ်ခုံအကြား ထိခိုက်ပျက်စီးမှုကို ရှေးမူလပုံစံပါအတိုင်း သံပေါင်အသစ် အစားထိုးပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ပျက်စီးခဲ့သည့် သံပေါင်အဟောင်းကို ဖယ်ရှားရှင်းလင်း၍ ယာယီသံပေါင်များထည့်သွင်းပြီး ပျက်စီးခဲ့သည့်သံပေါင်နှင့်ပုံစံတူ သံပေါင်အသစ်နှင့် သံလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ လမ်းပိုင်းတစ်လျှောက် တောချုံခုတ်ထွင်ရှင်းလင်းခြင်းနှင့် လမ်းပိုင်းများပြုပြင်ခြင်း၊ ထုံးဖို-ပြင်ဦးလွင်-နောင်ချို-ဂုတ်ထိပ်-ကျောက်မဲရထားလမ်းပိုင်း ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခြင်းနှင့် ရထားလမ်းတစ်လျှောက်၌ အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ထားမှုများကို ရှင်းလင်းဖယ်ရှားခဲ့သည်။ ယုတ်မာပက်စက်သည့် အကြမ်းဖက်သောင်းကျန်းသူများသည် သူခိုးဓားပြကဲ့သို့ သံလမ်းဆက်ပြား ၃၈၃၂ ပြား၊ မူလီ ၁၇၁၈၈ လုံး၊ သံလမ်းထိန်းကလစ် ၁၆၃၁၁၅ ချောင်းကို ခိုးယူထွက်ပြေးသွားခဲ့သည်။

အများပြည်သူ လွယ်ကူချောမွေ့စွာသွားလာနိုင်ရေးအတွက် ရှေးအစဉ်အဆက်တည်ဆောက်ပေးထားသည့် သမိုင်းဝင်ရှေးဟောင်းဂုတ်ထိပ်ရထားလမ်းတံတားကြီး မူလပုံစံမပျက် ပြန်လည်ကောင်းမွန်နိုင်ရန်အတွက် တပ်မတော်နှင့် သက်ဆိုင်ရာဝန်ထမ်းများက နေ့မအား၊ ညမနား အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ရထားလမ်းပိုင်းပြန်လည်ဖွင့်လှစ်ချိန်တွင် ရထားများ အဆင်ပြေချောမွေ့စွာ ပြန်လည်ပြေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ပြင်ဦးလွင်-ဂုတ်ထိပ်-နောင်ပိန်ရထားလမ်းပိုင်း၌ ပြည်တွင်း/ပြည်ပခရီးသွားများအား ဆွဲဆောင်နိုင်သည့် ကျောက်မီးသွေးသုံးမီးရထားစက်ခေါင်းများအသုံးပြု၍ ပြေးဆွဲနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ယခုကျရောက်မည့် သီတင်းကျွတ်ကာလ အများပြည်သူရုံးပိတ်ရက်ကာလတွင် ရန်ကုန်-နေပြည်တော်-မန္တလေး လူစီးရထားများ ထပ်မံတိုးချဲ့ပြေးဆွဲရန် လိုအပ်ကြောင်း လမ်းညွှန်မှာကြားထားသည်။

သို့ဖြစ်ရာ အများပြည်သူ သွားလာမှုလွယ်ကူချောမွေ့စေရေးနှင့် ပြည်တွင်း/ပြည်ပမှ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ပြင်ဦးလွင်-နောင်ချို- ဂုတ်ထိပ်-ကျောက်မဲရထားလမ်းပိုင်း အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် တပ်မတော်နှင့်အတူ သက်ဆိုင်ရာဌာနများမှ ဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။ ။




## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ၃ - ၁၀ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃ - ၁၀ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၉၀၀ | ၈,၀၀၀ | ၄၀၂ | ၃,၂၀၅,၈၀၀ |
| MTSH | ၃,၄၀၀ | ၃,၃၅၀ | ၁,၁၅၁ | ၃,၈၈၅,၃၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၁ | ၇,၉၀၀ |
| FPB | ၂,၆၅၀ | ၂,၆၀၀ | ၄,၅၆၉ | ၁၁,၉၅၇,၄၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၃၃၅ | ၉၃၈,၀၀၀ |
| EFR | ၁,၉၀၀ | ၁,၉၅၀ | ၂,၀၉၁ | ၄,၀၅၂,၄၅၀ |
| AMATA | ၃,၃၀၀ | ၃,၃၀၀ | ၁၅၀ | ၄၉၅,၀၀၀ |
| MAEX | ၃,၄၀၀ | ၃,၄၀၀ | ၁,၉၆၇ | ၆,၆၈၇,၈၀၀ |
| MADPL(PLB) | ၂,၇၀၀ | ၂,၆၅၀ | ၁၀၂ | ၂၇၄,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
ခေတ္တ စာတည်းမှူး - အေးဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# စက်မှုဇုန် ၂၈ ခု၊ စက်မှုရပ်ကွက် ငါးခုနှင့် တည်ထောင်ဆဲစက်မှုဇုန်စီမံကိန်း နှစ်ခုရှိသည့်အတွက် စက်မှုဇုန်များကို အဆင့်မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာအောင်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၃**

စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ အစည်းအဝေး(၁/၂၀၂၅)ကို ယနေ့ မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောတက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်အနက် **“နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး”**ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စက်မှုဇုန်များ ဖွံ့ဖြိုး တိုးတက်ရေးသည်လည်း အဓိကပါဝင်နေသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံတွင် သဘာဝ သယံဇာတ ပေါကြွယ်ဝပြီး ငယ်ရွယ်နုပျိုသည့် လူသားအရင်းအမြစ်များရှိကြောင်း၊ ရေမြေသဘာဝကောင်းမွန်၍ ကျယ်ဝန်းသည့် စိုက်ပျိုးမြေများလည်းရှိသည့်အတွက် အစဉ်အဆက် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့ကြကာ နိုင်ငံ၏ စားရေရိက္ခာကို ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း၊ ယနေ့ကမ္ဘာကြီးတွင် စီးပွားရေးပုံစံများ လျင်မြန်စွာ တိုးတက်ပြောင်းလဲနေသည့်အတွက်မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးထွက်ကုန်ကုန်ကြမ်းထုတ်လုပ်သည့်အဆင့်မှ Value Added တန်ဖိုးမြှင့်ကုန်ပစ္စည်း ထုတ်လုပ်သည့်အဆင့်သို့ တက်လှမ်းနိုင်ရန်လိုကြောင်း။

ကုန်ထုတ်လုပ်မှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ ကျောရိုးမဏ္ဍိုင်ဖြစ်ခြင်းကြောင့် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားကို မြှင့်တင်ရန်နှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်နည်းတူ ယနေ့ခေတ်တွင်လည်း “နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့” ဟူသည့်



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ဆောင်ပုဒ်နှင့်အညီ အားပေးမြှင့်တင်လျက်ရှိကြောင်း။

ကုန်ထုတ်လုပ်မှု တိုးမြှင့်စေရေးအတွက် ခေတ်မီနည်းပညာသုံးစွဲခြင်းကို အားပေးကာ ပြည်တွင်းထုတ်ကုန်များ၏ စံချိန်စံညွှန်းနှင့် အရည်အသွေးကို နိုင်ငံတကာအဆင့်မီစေရန် သတ်မှတ်ပြဋ္ဌာန်းပြီး အရည်အသွေးထိန်းချုပ်ခြင်း၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဖန်တီးနိုင်ရန်အတွက် အထောက်အပံ့များ ပေးရမည်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် အတွက်လည်း အသက်မွေးဝမ်းကျောင်း ပညာရေးစနစ်များ တိုးမြှင့်ပေးခြင်း၊ လုပ်ငန်းခွင် စွမ်းရည်မြှင့်သင်တန်းများ ဖန်တီးပေးခြင်း၊ အလုပ်သမားများ၏ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် သင့်လျော်သည့် လုပ်ခလစာကို အာမခံပေးခြင်းဖြင့် ၎င်းတို့၏ စိတ်ဓာတ်နှင့် ကုန်ထုတ်စွမ်းအားကို မြှင့်တင်ပေးခြင်းများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် စက်မှုဇုန် ၂၈ ခု၊ စက်မှုရပ်ကွက် ငါးခုနှင့် တည်ထောင်ဆဲ စက်မှုဇုန်စီမံကိန်း နှစ်ခုရှိသည့်အတွက် စက်မှုဇုန်များကို အဆင့်မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်၏ စက်မှုကဏ္ဍကို ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများအနေဖြင့်လည်း ကုန်ထုတ်လုပ်မှုတိုးမြှင့်ခြင်းကို အထောက်အကူပြုမည့် မူဝါဒများ၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့် ဈေးကွက် ချိတ်ဆက်မှုများကို ဖန်တီးပေးရန် အားသွန်ခွန်စိုက် ကြိုးပမ်းကြစေလိုကြောင်း။

နိုင်ငံတော်အနေဖြင့် **“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့”**ဆိုသည့် ဆောင်ပုဒ်အတိုင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်အတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုဇုန်များ တည်ထောင်ရာတွင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် စွန့်ပစ်ပစ္စည်းများ ပြန်လည်သန့်စင်ရေးတို့ကိုလည်း အလေးပေး ဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် စက်မှုဇုန်များနှင့် စက်မှုလုပ်ငန်းရှင်များ အနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးအတွက် ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များကို ပိုမိုတိကျစွာ လိုက်နာဆောင်ရွက်သွားကြစေလိုကြောင်း။

နိုင်ငံတော်၏ ထုတ်ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်မှုအပေါ်များစွာ မူတည်သောကြောင့် အသစ်ဖော်ဆောင်မည့် စက်မှုဇုန်များ စနစ်တကျဖော်ဆောင်နိုင်ရေးအပြင် တည်ထောင်ပြီး စက်မှုဇုန်များကိုလည်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လည်း အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း၊ တည်ဆောက်ပြီး စက်မှုဇုန်များအား နည်းဥပဒေများနှင့်အညီ စက်မှုဇုန် အဆင့်အတန်းများ စစ်ဆေးရာတွင် အမှတ်ပေးစည်းမျဉ်း သတ်မှတ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ စစ်ဆေးရာ၌ အဆင့်အတန်း သတ်မှတ်ချက်များ အရ အားနည်းသည့် စက်မှုဇုန်များအား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများက အဆင့်မြင့် စက်မှုဇုန်များဖြစ်ပေါ်လာစေရေး တွန်းအားပေးကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအဖွဲ့ဝင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစာများအား ဖတ်ကြားတင်ပြသည်။

ယင်းနောက် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ စက်မှုဇုန်များ သမိုင်းကြောင်း၊ ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ထားရှိမှု ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက စက်မှုဇုန်ဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဦးညိုစောက ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

- **ယနေ့ကမ္ဘာကြီးတွင် စီးပွားရေးပုံစံများ လျင်မြန်စွာ တိုးတက်ပြောင်းလဲနေသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးထွက်ကုန် ကုန်ကြမ်းထုတ်လုပ်သည့်အဆင့်မှ** Value Added **တန်ဖိုးမြှင့်ကုန်ပစ္စည်းထုတ်လုပ်သည့်အဆင့်သို့ တက်လှမ်းနိုင်ရန်လို**
- **စက်မှုဇုန်များတည်ထောင်ရာတွင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် စွန့်ပစ်ပစ္စည်းများ ပြန်လည်သန့်စင်ရေးတို့ကိုလည်း အလေးပေးဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် စက်မှုဇုန်များနှင့် စက်မှုလုပ်ငန်းရှင်များအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များကို ပိုမိုတိကျစွာ လိုက်နာဆောင်ရွက်**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီ အစည်းအဝေး ကျင်းပ



နေပြည်တော် အောက်တိုဘာ ၃

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ဗဟိုကော်မတီ အစည်းအဝေး (၃/၂၀၂၅) ကို ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်၊ နေပြည်တော် ပြည်ထောင်စုနယ်မြေ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်များမှ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များဖြစ်သည့် "လွတ်လပ်ပြီး တရားမျှတမှုအပြည့် ရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးပြီး ထွက်ပေါ်လာသည့်အစိုးရကို နိုင်ငံတော်တာဝန်များအား လွှဲပြောင်းပေးအပ်နိုင်ရေး၊ မဲပေးပိုင်ခွင့်ရှိသူများအားလုံးမဲပေးနိုင်ရေး၊ လုံခြုံမှုအပြည့်အဝရှိသော ရွေးကောက်ပွဲဖြစ်စေရေး" စသည်တို့ကို တာဝန်ရှိသူအဆင့်ဆင့်က အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ အဆင့်လိုက် ကျင်းပပြုလုပ်ပေးမည်ဖြစ်ကြောင်းနှင့် လွှတ်တော်များအတွက် မဲဆန္ဒနယ်များအား သတ်မှတ်ကြေညာခဲ့ပြီးဖြစ်သည့်အပြင် နိုင်ငံရေးပါတီများမှ အမည်စာရင်းတင်သွင်းလာသည့် ပြည်ထောင်စု တစ်ဝန်းလုံးစည်းရုံးမည့် နိုင်ငံရေးပါတီခြောက်ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၉၆၁ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့် နိုင်ငံရေးပါတီ ၅၁ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၉၆၆ ဦး၊ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း ၉၆ ဦး စုစုပေါင်း ၅၀၂၃ ဦးတို့အား စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသဖြင့် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများအနေဖြင့် အချိန်မီ စိစစ်ပြီးစီးရေး ပေါင်းစပ်ကူညီဆောင်ရွက်ပေးသွားရန်လိုကြောင်း။

ထို့ပြင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲစာရင်းတွင် ပါရှိပြီး သက်ဆိုင်ရာမြို့နယ်၏ ပြင်ပတွင် ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၊ ယာယီနေရပ်စွန့်ခွာနေရသူများနှင့်ပတ်သက်၍ ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းများ၊ ရွေးကောက်ပွဲတွင် ပါဝင်မည့် နိုင်ငံရေးပါတီဝင်များ၊ ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးသည့်ကာလမှ မဲပေးသည့်ကာလအထိ လုံခြုံစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေး၊ ရွေးကောက်ပွဲကာလတွင် လာရောက်ကြမည့် ပြည်တွင်းပြည်ပလေ့လာရေးအဖွဲ့များအတွက် လိုအပ်သည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို စီမံဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲပေးနိုင်ရေး ဆောင်ရွက်ပေးကြရမည်ဖြစ်သဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကျဉ်းဦးစီးဌာနများအနေဖြင့် ရဲစခန်းအချုပ်၊ အချုပ်ထောင်၊ အကျဉ်းထောင်များ၌ ပြစ်မှုရင်ဆိုင်ဖြေရှင်းနေရသည့် အချုပ်သားများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာချက်များနှင့်အညီ သတ်မှတ်ကာလအတွင်း ကြိုတင်ဆန္ဒမဲပေးနိုင်ရေး သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ကြိုတင်ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ထားကြရန်လိုကြောင်း။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ပျက်ပြားစေရန် နည်းအမျိုးမျိုးဖြင့် ကျူးလွန်သူများအား ဖော်ထုတ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၃၀ ရက်အထိ ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ၌ "ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ" အရ အရေးယူဆောင်ရွက်မှု ၂၄ မှုနှင့် တရားခံ ၆၄ ဦး ရှိခဲ့ပြီဖြစ်သကဲ့သို့ ဆက်လက်၍လည်း ရွေးကောက်ပွဲလုံခြုံရေးကို ထိခိုက်စေနိုင်သော လှုံ့ဆော်မှုများ၊ ဝါဒဖြန့်မှုများ ကျူးလွန်နေသူများအား စုံစမ်းဖော်ထုတ်အရေးယူသွားရန် လိုအပ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ ကာလများအလိုက် လုံခြုံရေးကျိုးပေါက်မှုမရှိစေရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် မှုခင်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိတပ်ဖွဲ့၊ ဦးစီးဌာနများအနေဖြင့် တပ်မတော်၊ ပြည်သူ့စစ်အဖွဲ့များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ လက်ရှိရရှိထားသော တိုးတက်မှုများကို အခြေခံကာ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရွေးကောက်ပွဲလုံခြုံရေးအတွက် လျာထားအစီအမံများ၊ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ တိုးတက်မှုအခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဗဟိုကော်မတီအဖွဲ့ဝင်များက ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်က ဆွေးနွေးတင်ပြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



❖ ရှေ့ဖုံးမှ

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၄.၁၀.၂၀၂၅ | DEMU အဆန်အထူး | ရန်ကုန် | နေပြည်တော် | ၀၆:၃၀ | ၁၂:၀၀ |
| ၂ | ၅.၁၀.၂၀၂၅ | DEMU အစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၈:၀၀ |
| ၃ | ၇.၁၀.၂၀၂၅ | DEMU အဆန်အထူး | ရန်ကုန် | နေပြည်တော် | ၀၆:၃၀ | ၁၂:၀၀ |
| ၄ | ၈.၁၀.၂၀၂၅ | DEMU အစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၈:၀၀ |

ရန်ကုန်–နေပြည်တော်–ရန်ကုန် ခရီးစဉ်တွင် DEMU ရထားများအား ယခင် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး နေ့ရက်များ၌ DEMU (ဂျပန်) ခြောက်တွဲပါ တွဲဆိုင်းများဖြင့် ပြေးဆွဲပေးနေရာမှ သီတင်းကျွတ်ကာလပိတ်ရက်အတွင်း ခရီးသည်များစီးနင်းမှုများပြားလာသည့်အတွက် ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၇)အဆန်၊ အမှတ်(၈)အစုန် DEMU ရထားများအား DEMU(စပိန်) ရှစ်တွဲပါ တွဲဆိုင်းများဖြင့် ပြောင်းလဲပြေးဆွဲပေးသွားမည်ဖြစ်သည်။

ထို့အတူ ရန်ကုန်–ပြည်–ရန်ကုန်နှင့် ရန်ကုန်–မော်လမြိုင်–ရန်ကုန် ခရီးစဉ်များကို ပုံမှန်ရထားများအပြင် အထူးရထားများအား အောက်ပါနေ့ရက်များအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်–

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၄.၁၀.၂၀၂၅ | အဆန်အထူး | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ |
| ၂ | ။ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၉:၁၅ | ၁၈:၀၀ |
| ၃ | ။ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၀ | ၁၇:၅၅ |
| ၄ | ၇.၁၀.၂၀၂၅ | အစုန်အထူး | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ |
| ၅ | ။ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၉:၁၅ | ၁၈:၀၀ |
| ၆ | ။ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၀ | ၁၇:၅၅ |

ရထားစီးခရီးသွား ပြည်သူများအား အထက်တန်းလက်မှတ်အား သုံးရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်အား တစ်ရက်ကြိုတင်၍လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် ရထားလက်မှတ်ခန္ဓနှုန်းထားနှင့် ရပ်တန့်မည့်ဘူတာများမှာ ပုံမှန်ပြေးဆွဲပေးသည့် ရထားများအတိုင်းဖြစ်သည်။

**မြန်မာ့မီးရထား**

## ပခုက္ကူမြို့ရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

ပခုက္ကူ အောက်တိုဘာ ၃

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ပေါ်ရပ်ကွက်များရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင် မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း၏ လမ်းညွှန်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များက ပခုက္ကူမြို့ အာကာမျိုးစက်သုံးဆီအရောင်းဆိုင် တာဝန်ရှိသူများအား မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများစနစ်တကျထားရှိရေး၊ မီးသတ်ဆေးဘူးများ စနစ်တကျ ကိုင်တွယ်အသုံးပြုတတ်စေရေး၊ ရေကန်နှင့်ရေစင်များတွင် ရေအပြည့်ဖြည့်တင်းထားရှိရေးတို့ကို အသိပညာပေးဟောပြောခြင်း၊ ဆိုင်ဝန်ထမ်းများက လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**



# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန်**
**၈၅ ရက်**
**သာ လိုတော့သည်။**

## မဲစာရင်းတွင်အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ

- မဲဆန္ဒရှင်တစ်ဦးသည် မိမိ၏အိမ်ထောင်စုလူဦးရေစာရင်း၊ ပုံစံ (၆၆/၆) ရှိသည့် ရပ်ကွက်၊ ကျေးရွာအုပ်စု မဲစာရင်းတွင်သာ မိမိ၏အမည် ပါဝင်မည်ဖြစ်သည်၊
- မဲစာရင်းများကပ်ထားကြေညာသည့်အခါ သွားရောက်ကြည့်ရှုပြီး မဲစာရင်း၌ မိမိအမည် ပါဝင်ခြင်း မရှိလျှင် ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ(၃)ဖြင့်လည်းကောင်း၊ မဲစာရင်းပါအမည်နှင့် အခြား အချက်အလက်များအား ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာပုံစံ (၄) ဖြင့်လည်းကောင်း၊ မဲစာရင်းပါ အချက်အလက်တစ်ခုခုကို ပြင်ဆင်ရန်ရှိပါက ပြင်ဆင်လွှာ ပုံစံ(၄-က)ဖြင့်လည်းကောင်း မဲစာရင်းထုတ်ပြန် ကြေညာသည့်နေ့မှစ၍ ၁၄ ရက်အတွင်း သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ် ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းတွင် မိမိ၏အမည်ပါရှိနေပါက လက်ရှိ နေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)ရှိသည့် မဲဆန္ဒနယ်တွင်သာ မဲပေးရမည်။ အခြား မဲဆန္ဒနယ်၏ မဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- မဲဆန္ဒနယ်တစ်ခုအတွင်းတွင်ရှိသော ရပ်/ကျေးတစ်ခုထက်ပိုသည့် မဲစာရင်းများတွင် မိမိ၏အမည် ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)ရှိသည့် ရပ်/ကျေးတွင်သာ မဲပေးရမည်။ အခြား ရပ်/ကျေးမဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ်ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည် မပါလျှင် ပုံစံ(၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က) ဖြင့်လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ(၁၅)များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၂-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

## ပျဉ်းမနားမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်အတွင်း ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာ



**နေပြည်တော် အောက်တိုဘာ ၃**

ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးနှင့် ဇမ္ဗူသီရိမြို့နယ် သပြေကုန်း ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးတို့တွင်အခြေခံ မဲဆန္ဒရှင် စာရင်းများ ပထမအကြိမ် ကပ်ထားကြေညာထားရှိမှု နှင့် ဒေသခံပြည်သူများ မဲစာရင်းများ လာရောက် ကြည့်ရှုရာတွင် လွယ်ကူအဆင်ပြေစေရေး ဆောင်ရွက်ပေးနေမှုတို့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေး သည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် နေပြည်တော် ကောင်စီဥက္ကဋ္ဌက ဆန္ဒမဲပေးခွင့်ရှိသူတိုင်း မဲစာရင်း လာရောက်ကြည့်ရှုနိုင်ရေး တိုက်တွန်းနှိုးဆော်ပေးကြ ရန်၊ မဲစာရင်းလာရောက်ကြည့်ရှုသူများ အနှောင့် အယှက်ကင်းစွာဖြင့် စိတ်အေးချမ်းသာစွာကြည့်ရှု နိုင်ရေး တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးကြရန်၊ မဲစာရင်းဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း များ ဆောင်ရွက်ပြီးပါက ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင် နောက်ဆုံးအကြိမ် ထပ်မံကပ်ထားကြေညာမည်ဖြစ် ပြီး မဲဆန္ဒရှင်ပြည်သူများက လိုအပ်သောတောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများဆောင်ရွက်နိုင်ရန် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံးလူတစ်ဦး မဲစာရင်းလာရောက်ကြည့်ရှုနိုင်ရေး နှိုးဆော်ပေးကြ ရန်၊ ရုံးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် လယ်ဝေးမြို့နယ် ဗောဒိကုန်းလမ်းဆုံ အနီးချောင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းပိုင်း များ ပြန်လည်ပြုပြင်နေမှုကို လည်းကောင်း၊ ရန်အောင်မြင်ဆည်၌ ချောင်းဘေးကြောင့် ထိခိုက် ပျက်စီးခဲ့သော ပင်မတမံနှင့် ကုန်းကြောတမံများ ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ၌ ချောင်းဘေးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများ ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒက္ခိဏသီရိမြို့နယ်၌ မဲစာရင်းများ ပထမအကြိမ်ကြေညာထားရှိမှု ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၃**

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင် သည် ယနေ့မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများနှင့် အတူ ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိ မြို့နယ်အတွင်း ၂၀၂၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲအတွက် မဲစာရင်းများ ပထမအကြိမ် ကြေညာ ထားရှိမှုများကို ကွင်းဆင်းကြည့်ရှု အားပေးသည်။

**ဆွေးနွေးမှာကြား**

ဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်သည် ဒက္ခိဏသီရိမြို့နယ် ဒက္ခိဏ သီရိရပ်ကွက်နှင့် ရွှေအင်ကြင်း ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးများ သို့ သွားရောက်ပြီး အထွေထွေ ရွေးကောက်ပွဲအတွက် မဲစာရင်း များ ပထမအကြိမ်အဖြစ်ကပ်ထား ကြေညာရာတွင် ရပ်ကွက်ပြည်သူ များ လာရောက်ကြည့်ရှုနေမှုကို သွားရောက်တွေ့ဆုံအားပေးကာ မြို့နယ် တာဝန်ရှိသူများအား ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပူးပေါင်းဆောင် ရွက်သွားရန်၊ ကပ်ထားကြေညာ ထားသည့် မဲစာရင်းများကို လည်း ပြည်သူများသိရှိစေရေး ဆောင်ရွက်သွားရန်နှင့်ပျက်စီးဆုံး ရှုံးမှုမရှိစေရေး အလေးထား ဆောင်ရွက်သွားရန် ဆွေးနွေး မှာကြားသည်။

ဒက္ခိဏသီရိမြို့နယ် အနေဖြင့် မဲရုံစုစုပေါင်း ၁၈ ရုံ၊ ပထမအကြိမ် ကပ်ထားကြေညာသည့် မဲစာရင်း တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ လူဦးရေ ၂၆၀၅၉ ဦးရှိကြောင်း မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# အကြမ်းဖက်သမားတွေအတွက် ပြေးစရာမြေက နည်းလာနေပြီ

**အေးချမ်းတဲ့နေရာ အေးချမ်းတယ်၊ မငြိမ်းချမ်းတဲ့နေရာ ငြိမ်းချမ်းအောင် ဆက်လက်ဆောင်ရွက်နေတယ်။ တိုက်ပွဲဖြစ်ပြီး၊ သေနတ်သံစဲပြီး တပ်မတော်အရိပ်အောက် ပြန်ရောက်လာတဲ့နေရာအားလုံး ငြိမ်းချမ်းရေးရောင်ခြည်က သန်းလာနေပြီ။**

စွမ်းပြည့်

မူလကတည်းက တိုက်ပွဲမရှိ၊ အစဉ်ငြိမ်းချမ်းနေတဲ့နေရာတွေ၊ အကြမ်းဖက်မရှိတဲ့နေရာ၊ တိုင်းရင်းသားအမည်ခံ EAO တွေ ဝင်မလာတဲ့နေရာအားလုံးနဲ့ ယှဉ်ကြည့်ရင် အစကတည်းက ငြိမ်းချမ်းနေတာ။ သေနတ်သံမကြားရ၊ ကျောင်းပိတ်တာမရှိ၊ စစ်ရှောင်မရှိ၊ အလင်းထဲမှာ အေးချမ်းစွာနဲ့ သာသာယာယာပါ။ ဆန့်ကျင်ဘက်ကြည့်ရင် အကြမ်းဖက်ရှိတဲ့နေရာ၊ တိုင်းရင်းသားအမည်ခံ EAO တွေ ကျူးကျော်တိုက်ခိုက်တဲ့နေရာအားလုံး၊ မူလအေးချမ်းခဲ့တဲ့ဒေသတွေ၊ မြို့တွေ၊ ရွာတွေ မအေးချမ်းတာ၊ မတည်ငြိမ်တာကြာခဲ့ပါပြီ။

စစ်မြေပြင်ဖြစ်ရ၊ စစ်ရှောင်ဘဝနဲ့ ဒုက္ခရောက်ရ၊ ပြေးကြလွှားကြ၊ ကျောင်းမတက်ရ၊ စီးပွားရှာမရ၊ ထိခိုက်ခန္ဓာ စွန့်ကြရ…။ သူပုန်သိမ်းပြီးတဲ့မြို့တွေ၊ ရွာတွေက ဆင်းရဲဒုက္ခတွေကို အသိမ်းခံရတဲ့ဒေသခံတွေက ပိုသိကြတယ်။ သူတို့ပိုင် အိမ်ရာတွေ၊ ဈေးဆိုင်တွေ၊ စည်းစိမ်ဥစ္စာတွေ ဘယ်လိုဖြစ်သွားသလဲ၊ လမ်းတွေပိတ်၊ အဆက်အသွယ်မရ၊ ဖုန်းလိုင်းမရ၊ ဆေးကုမရ၊ ဆေးမရှိ၊ ဆရာဝန်သူနာပြုမရှိ၊ ကွာခြားချက်ကို မြင်အောင်ကြည့်ပါ။ ဒုက္ခတောထဲက ဒုက္ခသည် တိုင်းရင်းသားတွေကို ကယ်တင်နေရတဲ့ တပ်မတော်နဲ့ အကြမ်းဖက်အစွန်းရောက်သူပုန်၊ ငြိမ်းချမ်းရေး လိုလားသူနဲ့ မလိုလားသူ၊ ပညာရှိနဲ့ ပညာမဲ့၊ အပြုနဲ့ အဖျက်ကွာခြားချက် မြင်အောင်ကြည့်ရင် မြန်မာနိုင်ငံမှာ မငြိမ်းချမ်းခြင်းရဲ့ တကယ့်တရားခံအစစ်က ဘယ်သူလဲ၊ ပညာရှိဆိုရင် မြင်ပါတယ်။

အကြမ်းဖက်လက်နက်ကိုင်တွေဟာ စစ်ရေးပစ်မှတ်မဟုတ်တဲ့ တက္ကသိုလ်တွေ၊ စာသင်ကျောင်းတွေကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြတယ်။ ကျောင်းတွေမှာ တပ်စွဲ၊ ဆရာ ဆရာမတွေကို ဖမ်းဆီးခဲ့ကြတယ်။ သာသနိကအဆောက်အအုံတွေမှာ တပ်စွဲ၊ အခိုင်အမာ ခံစစ်ဆင်၊ စေတီဋ္ဌာပနာတိုက်တွေ ဖောက်ထွင်း၊ အဖိုးတန်ဋ္ဌာပနာပစ္စည်းတွေကို ယူဆောင်၊ဗုဒ္ဓသာသနာတော်ကို စော်ကားဖျက်ဆီးခဲ့ကြတယ်။ ဒေသခံတွေရဲ့နေအိမ်၊ စားသောက်ဆိုင်တွေ ဖောက်ထွင်း၊ တန်ဖိုးကြီးပစ္စည်းမှန်သမျှ အဓမ္မယူဆောင်၊ ဒီလုပ်ရပ်တွေအားလုံး သူပုန်သောင်းကျန်းသူမိစ္ဆာတွေရဲ့ လုပ်နည်းလုပ်ဟန်ပါပဲ။

**တပ်မတော်နဲ့ ပြည်သူအောင်ပွဲ**

ယခုလက်ရှိ စစ်ရေးအနေအထားအရ လက်နက်ကိုင်သောင်းကျန်းသူတွေဟာ ယခင် သူတို့ ခဏတာသိမ်းပိုက်နိုင်ခဲ့တဲ့နေရာတွေကနေ ပြန်လည်ဆုတ်ခွာနေရပါပြီ။ နေ့ညမပြတ် လုံခြုံရေးအစီအစဉ်တွေအောက်မှာ တပ်မတော်က ဖိဖိစီးစီးဆောင်ရွက်နေတဲ့အတွက် ရလဒ်ကောင်းတွေရလာပြီး တပ်မတော်နဲ့ ပြည်သူအောင်ပွဲဟာ တဖြည်းဖြည်း ပေါ်လွင်ထင်ရှားလာတယ်။ အထူးသဖြင့် အကြမ်းဖက်သမားတွေ ယာယီသိမ်းပိုက်ထားတဲ့ မြို့၊ ရွာ၊ တပ်စခန်းတွေကို တပ်မတော် တပ်ရင်းတပ်ဖွဲ့တွေက ပြန်လည်သိမ်းပိုက်နေရာမှာ ၂၀၂၅ ခုနှစ်အတွင်းမှာ ကောလင်း၊ ဆီဆိုင်၊ မိုးဗြဲ၊ ဖယ်ခုံ၊ ဒီးမော့ဆို၊ ဖရူဆို၊ သပိတ်ကျင်း၊ ဗန်းမော်၊ ကျောက်မဲမြို့တွေကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့တာ အထင်အရှားပါ။

ဒီလိုပဲ ဩဂုတ်လအတွင်းမှာ အကြမ်းဖက်သမားတွေ အခိုင်အမာ စုဖွဲ့ထိန်းချုပ်ထားတဲ့ ဖယောင်းတောင် သတ္တုတွင်းနဲ့ အယ်လ်ဖာဘိလပ်မြေစက်ရုံတွေကိုလည်း အောင်မြင်စွာ ပြန်လည်သိမ်းပိုက်နိုင်ခဲ့တာ တွေ့ရတယ်။ နိုင်ငံအရှေ့မြောက်ပိုင်းမှာ လားရှိုး၊ နောင်ချို၊ ကျောက်မဲမြို့တွေကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တွေဘက်ကြည့်ရင်လည်း ကော့ကရိတ်၊ မြဝတီ၊ ကျုံဒိုးမြို့တွေမှာ ဆက်လက်အောင်မြေနင်း၊ အာရှလမ်းသစ်၊ လမ်းဟောင်းပြန်ပွင့်အောင်လုပ်၊ ကွင်းကလေး၊ ထီးမူထ၊ သဃ်နီးညီနောင်၊ လက်ခတ်တောင်၊ လေးကေ့ကော်၊ စွယ်တော်၊ မယ်ဝဲခီးတို့မှာ နိုင်ငံတော်အလံစိုက်၊ အစွမ်းကုန်သောင်းကျန်းခဲ့တဲ့ အကြမ်းဖက်အစွယ်အပွားတွေရဲ့ သမိုင်းရိုင်းအောင် လုပ်နိုင်ခဲ့ပြီဖြစ်တယ်။ တပ်မတော်က ပြန်လည်ထိန်းချုပ်ပြီး ဒေသအားလုံးဟာ တပ်မတော်နဲ့ ပြည်သူအတွက် နိုင်ငံတည်ဆောက်ရေးမှာ မဟာဗျူဟာကျတဲ့နေရာတွေပဲ ဖြစ်ပါတယ်။

**လမ်းကြောင်းတွေပြန်ပွင့်အောင် ဆောင်ရွက်**

အကြမ်းဖက်အဖွဲ့တွေ ယာယီသိမ်းပိုက်ထားတဲ့မြို့တွေကို တပ်မတော်က အပြီးတိုင်ထိန်းချုပ်ပြီး ပိတ်ဆို့ဟန့်တားခံရတဲ့ ဆက်သွယ်ရေးလမ်းမကြီးတွေ၊ လမ်းကြောင်းတွေ ပြန်ပွင့်အောင် ဆောင်ရွက်နိုင်ခဲ့တာ တွေ့ရပါတယ်။ ဒီလိုတိုးတက်မှုတွေအပေါ်တဲ့ လက္ခဏာများစွာစတင်တွေ့မြင်လာနေရပြီလည်း ဖြစ်ပါတယ်။

အဓိကက အကြမ်းဖက်လက်နက်ကိုင်တွေကြောင့် တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးမှာ နှောင့်နှေးရတဲ့အတွက် ပြည်သူလူထုရဲ့ နေ့စဉ်လူမှုဘဝတွေမှာ အလျင်အမြန် ဖြေရှင်းရမယ့်ကိစ္စရပ်တွေ ရှိနေတယ်ဆိုတာပဲ။ တစ်ဖက်ကလည်း လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနဲ့ ပြည်သူရွေးချယ်တဲ့ သန့်ရှင်းတဲ့အစိုးရတစ်ရပ် ပေါ်ထွက်လာရေး၊ ဒါတွေအားလုံးက တစ်မျိုးသားလုံးအတွက် အမျိုးသားအကျိုးစီးပွားတွေ ဖြစ်နေတယ်။ ဒါတွေကို အောင်မြင်အောင် ဆောင်ရွက်နေရသလို တစ်ဖက်မှာလည်း နိုင်ငံတည်ငြိမ်အေးချမ်းရေးကို ကြိုးပမ်းဆောင်ရွက်နေရပါတယ်။

**တိုင်းရင်းသားအမည်ခံသက်သက်ပဲဖြစ်**

ပြည်သူတွေ၊ တိုင်းရင်းသားတွေဘက်ကလည်း ပညာဉာဏ်နဲ့ မြင်တတ်ရပါမယ်၊ တချို့ လက်နက်မူးယစ်၊ လက်နက်၊ လူမှောင်ခိုအကုန်လုပ်တဲ့ အဆင့်မရှိ မယဉ်ကျေးတဲ့ သောင်းကျန်းသူအဆင့်သာဖြစ်တယ်ဆိုတာ နားလည်ဖို့လိုပါတယ်။

**ကိုယ့်ဒေသဖွံ့ဖြိုးတိုးတက်ဖို့ ခံယူချက်မရှိတော့ဘူးလား**

ဆိုလိုချင်တာက အတိတ်တွေက ပြီးခဲ့ပါပြီ။ ယခုပစ္စုပ္ပန်မှာ ကိုယ်လုပ်နေတာတွေက ဘာအတွက်လဲ။ အသုံးလား၊ အဖြုန်းလား၊ နှမြောစရာကောင်းတဲ့ အလေအလွင့်တွေ၊ အသက်တွေ၊ ငွေတွေ၊ ပစ္စည်းဥစ္စာတွေ၊ စိတ်ဓာတ်တွေ အများကြီးရှိခဲ့ပါပြီ။ သေချာတာက ဆက်ရှိဦးမယ့်အနာဂတ်မှာ နိုင်ငံတကာနဲ့ တန်းတူဖြစ်ပါဦးမလား။ အနာဂတ်လမ်းကြောင်းမှာရှိနေတဲ့ ကိုယ့်သား၊ ကိုယ့်သမီးမျိုးဆက်တွေအတွက် မစဉ်းစားတော့ဘူးလား၊ ကိုယ်နေတဲ့ဒေသက ကိုယ့်တိုင်းရင်းသားဒေသခံ

> **ဒီမိုကရေစီဇန်းပြ တော်လှန်ရေးအမည်တပ်တဲ့ ပြည်မက လက်နက်ကိုင်တွေဆိုလည်းအတူတူပဲ။ တိုင်းရင်းသားအမည်ခံ ကိုယ့်လောက်ပညာမတတ်တဲ့ လက်နက်ကိုင်တွေအောက် တပည့်ခံ၊ သူတို့ခိုင်းတာလုပ်၊ ပေးစာကမ်းစားစား၊ ဘုရားစေတီ၊ ဘုန်းကြီးကျောင်းတွေ၊ စာသင်ကျောင်းတွေမှာဝင်ပြီး တပ်စွဲ၊ ပြည်သူပိုင်အိမ်တွေမှာ ဝင်ခို၊ တပ်မတော်စစ်ကြောင်းလာရင် လူတံတိုင်းကာ၊ ပြည်သူကို သေအောင်လုပ်၊ ပြည်သူ့အိုးပိုင်အိမ်ပိုင်တွေ ပျက်စီးတဲ့အခါ တပ်မတော်ကြောင့်ဆိုပြီး တမင်အကွက်ဆင်။ ဘုရားတွေပျက်စီးရ၊ သံဃာအသုံးအဆောင်တွေ ဖျက်ဆီးခံရ၊ စာသင်ကျောင်းတွေ အဖျက်ခံရတဲ့အထိ မိုက်မဲလွန်းလှပါတယ်။။ ကိုယ်နဲ့အမြင်မတူသူကို ဒလန်ခေါင်းစဉ်တပ်၊ လူသတ်၊ ဆရာ သံဃာ မချန်ပါ။ သူများသားမယားစော်ကား၊ ဆက်ကြေးကောက်၊ နောက်ဆုံးဓားပြတိုက် လူရမ်းကားလူမိုက် ဓားပြသူခိုးသာသာ ဘဝရောက် ဒီလိုနဲ့ သေမထူး၊ နေမထူးဘဝတွေ ရောက်ကြရတော့မှာ။ သူတို့လုပ်ခဲ့ကြတာတွေအတွက် ပြည်သူပေးတဲ့ အပြစ်ဒဏ် ခံယူကြရတော့မယ့်အချိန်မှာ နှောင်းနောင်တဆိုတာ အချိန်မီပြင်နိုင်ရင် အချိန်မီပါတယ်၊ အမြင်မှန်ရဖို့ လိုတဲ့အကြောင်းသာ ပြောပါရစေ**

စစ်ဒဏ်ခံတိုင်းရင်းသားတွေ၊ ပြည်သူတွေက အလွန်ကို နှစ်ထောင်းအားရဝမ်းသာဖြစ်ကြတယ်။ စိတ်အေးချမ်းသာဖြစ်ကြရတယ်။ ကိုယ့်ဒေသ ကိုယ့်နေအိမ် ပြန်နေထိုင်ရတော့မယ့်အရေး မပျော်သူရှိပါ့မလား။ မြို့ရွာတွေ၊ လမ်းကြောင်းတွေ ပြန်ပွင့်တာနဲ့ အကြမ်းဖက်တွေမြှုပ်ထားတဲ့ မြေမြှုပ်မိုင်း အန္တရာယ်ကင်းရှင်းရေးက တပ်မတော်ရဲ့ ဦးစားပေးအလုပ်တစ်ခု ဖြစ်လာတယ်။ ဒေသခံတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုဟာ ဦးစားပေးဖြစ်တယ်။ ပညာရေးအဆက်မပြတ်အောင် ကျောင်းတွေ အမြန်ပြန်ဖွင့်နိုင်အောင် ဆောင်ရွက်ပေးတယ်။

အစိုးရယန္တရား ချက်ချင်းပြန်လည် လည်ပတ်နိုင်အောင် စီမံဆောင်ရွက်ရတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အကြမ်းဖက်တွေ ကြီးစိုးခဲ့တဲ့နေရာဒေသက ပြည်သူတွေခမျာ အကြမ်းဖက်လုပ်ရပ် ဇာတိရုပ်နဲ့တကွ စစ်ရဲ့ဆိုးကျိုးတွေကို လုံးဝနားလည် သဘောပေါက်သွားကြပါပြီ။ စစ်က ဘယ်လောက် ခါးသီးဖို့ကောင်းပါသလဲ၊ နောက်ဆို စစ်ကို ဘယ်တော့မှမကြားချင်၊ မတွေ့ချင်လောက်အောင်ပင် ဖြစ်သွားကြပါပြီ။ ရခဲ့တဲ့သင်ခန်းစာထဲကနေ အမြတ်ထုတ်နိုင်ခဲ့တဲ့ တပ်မတော်နဲ့ ပြည်သူအတွက်တော့ အနာဂတ် အလားအလာကောင်းတွေကို ပြန်လည်မြင်တွေ့နေရပြီဖြစ်သလို အကြမ်းဖက်လက်နက်ကိုင်တွေဘက်မှာတော့ စိတ်ပိုင်း၊ ရုပ်ပိုင်း အားနည်းချည့်နဲ့လာကိုင်တွေက တိုင်းရင်းသားအမည်ခံထားပေမယ့် တိုင်းရင်းသားအားလုံးက သူတို့ကို အလုံးစုံထောက်ခံနေတာမဟုတ်ပါ။ မထောက်ခံဘူးဆိုတဲ့အချက်က သမိုင်းတစ်လျှောက်ပြန်ကြည့်ရင် မူလကတည်းက သမိုင်းအစဉ်အဆက် မထောက်ခံခဲ့ကြတာဖြစ်တယ်။ ဒါကြောင့် ယနေ့တိုင်းရင်းသားအမည်ခံ EAO တွေဟာ တိုင်းရင်းသားအမည်ခံသက်သက်ပဲဖြစ်ပြီး ထိုဒေသက တိုင်းရင်းသားဒေသခံအားလုံးကို ကိုယ်စားပြုမနေပါဘူး။

ဒ့ါပြင် **တိုင်းရင်းသားဒေသတွေမှာ နေထိုင်သူလူမျိုးတွေဆိုတာ အားလုံးက ထွေးရောယှက်တင်ရောပြွမ်းနေထိုင်ကြတာဖြစ်တယ်။ ဒီအချက်ကို ဆင်ခြင်သုံးသပ်နိုင်စွမ်းရှိရပါမယ်၊ ကိုယ်ထောက်ခံတဲ့အဖွဲ့ရဲ့ လုပ်ကိုင်ဆောင်ရွက်ချက်တွေက မှားသလား မှန်သလား၊ တော်လှန်ရေးလား၊ ဖျက်ဆီးရေးလား။ သူတို့ဆိုတာက ငါတို့ဘဝတွေကို ချနင်းနေသူတွေ၊ ဖျက်ဆီးနေသူတွေ၊ စစ်အာဏာရှင်ခေါင်းစဉ်တပ်ထားတဲ့ တောတွင်းအာဏာရှင် စစ်ဘုရင်ဆိုးတွေသာဖြစ်တယ်၊ ဆယ်စုနှစ်ချီလက်နက်ကိုင်နိုင်ငံကိုဖျက်ဆီးနေသူတွေ၊ ဘာသာတရားကိုဖျက်၊ ယဉ်ကျေးမှုဖျက် မိစ္ဆာဝါဒီတွေသာဖြစ်တယ်။ ဖက်ဒရယ်ခေါင်းစဉ်တပ်၊ ကိုယ်တိုင် နယ်ရှင်အလား စစ်အာဏာရှင်ထူထောင်၊ ထွက်သမျှသယံဇာတ မတရားတူးဖော်၊ နယ်စပ်မှာအရောင်းအဝယ်လုပ်၊** တွေ၊ ကိုယ့်ဆွေမျိုးသားချင်းတွေအတွက်ကောနည်းနည်းလေးမှ မတွေးတော့ဘူးလား၊ ကိုယ့်ဒေသဖွံ့ဖြိုးတိုးတက်ဖို့ ခံယူချက်မရှိတော့ဘူးလား၊ မိမိဒေသအတွက်၊ နိုင်ငံအတွက် ဘာလုပ်ဖို့စဉ်းစားခဲ့ကြဖူးပါသလဲ၊ ကျောင်းတစ်ကျောင်းမဆောက်၊ လမ်းတံတားတစ်ခု မခင်းခဲ့ကြဖူးပါ။

နိုင်ငံတော်အစိုးရက ဖောက်ပေးဆောက်ပေးတဲ့ လမ်း၊ တံတား၊ ကျောင်းတွေသာ တောက်လျှောက်ဖျက်ဆီးနေတာ။ ဖျက်ဆီးမှုက ကမ်းကုန်၊ စိတ်ဓာတ်တွေကို ဖျက်ဆီးတယ်။ သူတို့ လုပ်တတ်တာတစ်ခုက မူးယစ်ဆေးဝါး၊ ကာရာအိုကေ၊ ပြည့်တန်ဆာလုပ်ငန်း၊ ဇိမ်ခန်း၊ လောင်းကစားမျိုးစုံ ဒီထက်မပိုပါဘူး။ ဒီတိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်လုပ်နေသူတွေက ဒီလို ဒုစရိုက်လုပ်ငန်းတွေမှာ ကောင်းကောင်းကျွမ်းကျင်ကြတယ်။

ဒီမိုကရေစီဇန်းပြ တော်လှန်ရေးအမည်တပ်တဲ့ ပြည်မက လက်နက်ကိုင်တွေဆိုလည်း အတူတူပဲ။ တိုင်းရင်းသားအမည်ခံ ကိုယ့်လောက်ပညာမတတ်တဲ့ လက်နက်ကိုင်တွေအောက် တပည့်ခံ၊ သူတို့ခိုင်းတာလုပ်၊ ပေးစာကမ်းစားစား၊ ဘုရားစေတီ၊ ဘုန်းကြီးကျောင်းတွေ၊ စာသင်ကျောင်းတွေမှာ ဝင်ပြီး တပ်စွဲ၊ ပြည်သူပိုင်အိမ်တွေမှာ ဝင်ခို၊ တပ်မတော်စစ်ကြောင်းလာရင် လူတံတိုင်းကာ၊ ပြည်သူကို သေအောင်လုပ်၊

စာမျက်နှာ ၇ သို့ ❍

# မြန်မာ့ယဉ်ကျေးမှုသမိုင်းကြောင်းဆိုင်ရာ စာအုပ်ထုတ်ဝေနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၃

မြန်မာ့ယဉ်ကျေးမှုသမိုင်းကြောင်းဆိုင်ရာ စာအုပ်ပုံနှိပ်ထုတ်ဝေနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ် (၃၅) လောကနတ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ယခင်ထုတ်ဝေခဲ့ပြီးသော စာအုပ်၊ စာစောင်ပါ အချက်အလက်၊ အထောက်အထားများကို ပြန်လည်စုစည်း၍ ကျစ်ကျစ်လျစ်လျစ်ဖြင့် ထိထိရောက်ရောက်ရှိမည့် စာအုပ်တစ်အုပ်ဖြစ်ရန် လိုအပ်ပါကြောင်း၊ Kazakhs History and Culture စာအုပ်ပါအကြောင်းအရာများကဲ့သို့ မိမိတို့ ယခင်ပြုစုထားရှိပြီးဖြစ်သော မြန်မာ့သမိုင်းကြောင်းဆိုင်ရာ ယဉ်ကျေးမှု၊ လူမှုစီးပွား၊ ဓလေ့ထုံးတမ်းစဉ်လာစသည့် အချက်အလက်များကို ခေါင်းစဉ်အလိုက် ထည့်သွင်း၍ လိုအပ်သည့်အချက်အလက်များကို ထပ်မံဖြည့်သွင်းရေးသားရန်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၏ ဝတ်စားဆင်ယင်မှုမှစ၍ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများကို ထည့်သွင်းပြုစုရန် လိုအပ်ပါကြောင်း၊ စာအုပ်ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် မြန်မာသမိုင်းပညာရှင်ကြီးများ၏ အကြံဉာဏ်ကိုရယူပြီး သက်ဆိုင်ရာဦးစီးဌာနများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တို့မှ တာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါ်နုမြဖံက မြန်မာ့ယဉ်ကျေးမှု သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို သက်ဆိုင်ရာနယ်ပယ်အလိုက် ရေးသားပြုစုပြီး မာတိကာခေါင်းစဉ်များခွဲ၍ ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြား၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာဦးစီးဌာနများ၊ တက္ကသိုလ်များမှ တာဝန်ရှိသူများနှင့် မြန်မာသမိုင်းအဖွဲ့မှ သမိုင်းပညာရှင်ကြီးများက ပါဝင်သင့်သည့် သမိုင်းဆိုင်ရာ အချက်အလက်များကို အကြံပြုဆွေးနွေး တင်ပြကြသည်။

အစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ မြန်မာသမိုင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဒုတိယဝန်ကြီး ဦးကိုကိုကျော် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ ဒုတိယဝန်ကြီး(၁)တို့နှင့် သီးခြားစီတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၃

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနများအကြား ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကျင်းပရန် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့သို့ ရောက်ရှိနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် ယနေ့တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဆင် ရူဇန်ကော့ဗ်နှင့်လည်းကောင်း၊ ဒုတိယဝန်ကြီး(၁) မစ္စတာ ဆာဂေး လူကာရှယ်ဗစ်ချ်နှင့်လည်းကောင်း ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ အားကစားနှင့် ခရီးသွားလာရေး စသည့်ကဏ္ဍများ အပါအဝင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုနီးကပ်စွာ ဆောင်ရွက်သွားနိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။ သတင်းစဉ်

ဒုတိယဝန်ကြီး ဦးကိုကိုကျော် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(၁) မစ္စတာ ဆာဂေး လူကာရှယ်ဗစ်ချ် အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



## ပြည်-ပုဂံရထားလမ်းပိုင်းရှိ ရေတိုက်စားပြီး ရေလယ်တိုင်နိမ့်ကျမှုဖြစ်ပေါ်ခဲ့သည့် တံတားအမှတ် - ၃၄၃ ရန်ပယ်ချောင်းကူး ရထားလမ်းတံတားနှင့် ရထားလမ်းတာပေါင် ရေတိုက်စားသည့်နေရာများ ကြည့်ရှုစစ်ဆေး



နေပြည်တော် အောက်တိုဘာ ၃

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြည် - ပုဂံ ရထားလမ်းပိုင်းတွင် ရေတိုက်စားပြီး တံတားရေလယ်တိုင် နိမ့်ကျမှု ဖြစ်ပေါ်ခဲ့သည့် တံတားအမှတ်-၃၄၃ ရန်ပယ်ချောင်းကူးရထားလမ်း တံတား၏ အခြေအနေကို ယနေ့တွင် သွားရောက်စစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေတိုက်စားမှုကြောင့် ပြည်-ပုဂံ ရထားလမ်းပိုင်း၊ ဆတ်သွား-ပရပ်ကြယ်ကြားရှိတံတားအမှတ်-၃၄၃ ရန်ပယ်ချောင်းကူး ရထားလမ်း တံတား၏ တံတားရေလယ်တိုင် အမှတ် (၂) နှင့် အမှတ် (၃)တို့ နိမ့်ကျမှုဖြစ်ပွားခဲ့မှု အခြေအနေကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး ရထားခရီးစဉ်များ အမြန်ဆုံး ပြန်လည် ပြေးဆွဲနိုင်ရေးအတွက် တံတား ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်မည့် အစီအစဉ်ကို အမြန်ဆုံးဆောင်ရွက်ရန်၊ ပြုပြင်ခြင်းလုပ်ငန်းများ ဆောလျင်စွာ ပြီးစီးရေးအတွက် လူအင်အား၊ ပစ္စည်းအင်အား၊ စက်ယန္တရားအင်အားများကို စနစ်တကျ စုဖွဲ့အသုံးပြု၍ စနစ်တကျ ပြန်လည် ပြုပြင်ဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပရပ်ကြယ်-ကိုးပင်ကြားရှိ ရထားလမ်းတာပေါင် ရေတိုက်စားမှုများနှင့် ကိုးပင် - လှေဝန်းအကြားရှိ တံတားအမှတ် - ၂၈၈ ၏ ကမ်းကပ်ခုံ မြေကာနံရံပြိုလဲမှု ဖြစ်ပေါ်ခဲ့သည့် အခြေအနေများကို စစ်ဆေးပြီး ရေများပြန်လည်ကျဆင်းသွားပါက ရေတိုက်စားခံရသည့် တာပေါင်နေရာများ သတ်မှတ်အကျယ်ရရှိအောင် မြေဖို့ဖိကြိတ်ခြင်းများ စနစ်တကျဆောင်ရွက်သွားရန်၊ လမ်းခင်းကျောက်များ ပြန်လည်ဖြည့်သွင်းပြီး စနစ်တကျ ပတ်ကင်ရိုက်ခြင်း၊ Alignment နှင့် Super Elevations များ မှန်ကန်မှုရှိစေရေး စနစ်တကျ ပြန်လည်စစ်ဆေး ပြုပြင်ခြင်းများ ဆောင်ရွက်သွားရန်နှင့် ရထားလမ်း အမြန်ပြန်လည်ဖွင့်လှစ်၍ ရထားပြန်လည် ပြေးဆွဲနိုင်ရေး မြန်မာ့မီးရထားရုံးချုပ်မှ လိုအပ်သည့် ပစ္စည်းများ ထောက်ပံ့ပေးသွားရန်တို့ကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် အဆိုပါ လမ်းပိုင်းရှိ ပြလို့ - ထောက်ကြံ့တိုင်ဘူတာအကြားရှိ မအူခုံတောင်ကြားတွင် ဖောက်လုပ်ထားသည့် ရထားလမ်းပိုင်းသည် မိုးရာသီတွင် ရွှံ့မြေများပြိုကျပြီး လမ်းပိတ်ဆို့ခြင်းတို့ ဖြစ်ပေါ်လျက်ရှိပြီး ရထားမတော်တဆမှုများနှင့် ကြန့်ကြာမှုများ မကြာခဏ ကြုံတွေ့နေရသဖြင့် လမ်းပိတ်ဆို့မှုများ ထပ်မံမဖြစ်ပွားစေရေး မြေထိန်းနံရံ (Gabion Retaining Wall) ဖြင့် ပြုပြင်တည်ဆောက်နိုင်မည့် အခြေအနေတို့ကို သွားရောက်စစ်ဆေးပြီး ပြန်လည်ပြုပြင်နိုင်မည့် အခြေအနေတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်

○ စာမျက်နှာ ၆ မှ

**ပြည်သူ့အိုးပိုင်အိမ်ပိုင်တွေ ပျက်စီးတဲ့အခါ တပ်မတော်ကြောင့်ဆိုပြီး တမင်အကွက်ဆင်။ ဘုရားတွေပျက်စီးရ၊ သံဃာအသုံးအဆောင်တွေ ဖျက်ဆီးခံရ၊ စာသင်ကျောင်းတွေ အဖျက်ခံရတဲ့အထိ မိုက်မဲလွန်းလှပါတယ်။ ကိုယ်နဲ့အမြင်မတူသူကို ဒလန်ခေါင်းစဉ်တပ်၊ လူသတ်၊ ဆရာ သံဃာ မချန်ပါ။ သူများသားမယားစော်ကား၊ ဆက်ကြေးကောက်၊ နောက်ဆုံး ဓားပြတိုက် လူရမ်းကားလူမိုက် ဓားပြသူခိုးသာသာဘဝရောက် ဒီလိုနဲ့ သေမထူး၊ နေမထူးဘဝတွေ ရောက်ကြရတော့မှာ။ သူတို့လုပ်ခဲ့ကြတာတွေအတွက် ပြည်သူပေးတဲ့အပြစ်ဒဏ် ခံယူကြရတော့မယ့်အချိန်မှာ နှောင်းနောင်တဆိုတာ အချိန်မီပြင်နိုင်ရင် အချိန်မီပါတယ်၊ အမြင်မှန်ရဖို့ လိုတဲ့အကြောင်းသာ ပြောပါရစေ။**

ဘာပဲပြောပြော လက်တွေ့မှာ ၂၀၂၂ ခုနှစ်ကနေ ယခုကာလအထိ အဖျက်အဆီးနဲ့ အပျက်အစီးတွေ များခဲ့ပါပြီ။ နိုင်ငံနဲ့ပြည်သူအတွက် ရွေးကောက်ပွဲလည်း လုပ်ကြတော့မယ်။ အချိုးအကွေ့တစ်ခုမှာ အခွင့်အလမ်းကောင်းတွေကို မြင်နေရပါပြီ။ အဓိကက အားရှိဖို့ပဲလိုတော့တယ်။ အားဆိုတာက ပြည်သူ့အား၊ ညီညွတ်မှုအား၊ တစုတစည်းတည်းမရှိတဲ့အားတွေကို စုစည်းပေးနိုင်မယ့် တပ်မတော်ကြီးရဲ့အား၊ ဒီအားတွေရှိဖို့ပဲ လိုပါတော့တယ်။ ဒီအားတွေနဲ့သာ ငြိမ်းချမ်းအောင်၊ အချုပ်အခြာတည်မြဲအောင် လုပ်လို့ရပါမယ်။ အလျင်အမြန် တိုးတက်အောင် လုပ်ရမယ့် အခြေအနေမှာ ပြည်တွင်းစုစည်းမှုအားမရှိအောင်၊ ငြိမ်းချမ်းရေးမရအောင်၊ အချုပ်အခြာပျက်ပြားအောင် ဆက်ပြီးဖျက်ဆီးနေကြမယ်ဆိုရင်တော့ လိုရာပန်းတိုင် ရောက်နိုင်မှာမဟုတ်ပါ။

**ငြိမ်းချမ်းရေးကိုလည်း မရရအောင်ကြိုးစား**

**နိုင်ငံတော်အစိုးရနဲ့ တပ်မတော်ကတော့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နေ့မအား ညမနား ပြင်းပြင်းထန်ထန် ဆောင်ရွက်နေပါတယ်။ ငြိမ်းချမ်းရေးကိုလည်း မရရအောင် ကြိုးစားနေတယ်။ ပြည်သူတစ်ရပ်လုံး လိုလားတာကလည်း ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးဆိုတော့ ပြည်သူ့ဆန္ဒကိုလည်း မျက်ကွယ်ပြုလို့မရ။ ဆိုလိုတာက နိုင်ငံအကျိုး၊ ပြည်သူအကျိုး၊ အမျိုးသားအကျိုးစီးပွားရှေးရှုပြီး လက်နက်နဲ့ ငြိမ်းချမ်းရေးကို အလဲအလှယ် လုပ်တတ်ရပါမယ်။ အဆုံးသတ်မှာ တပ်မတော်နဲ့ ပြည်သူပူးပေါင်းဖိအားကြောင့် အကြမ်းဖက်သမားတွေအတွက် ပြေးစရာမြေက နည်းလာကြောင်း ထင်ရှားလာတယ်။**

ယခုနောက်ပိုင်း အလင်းဝင်သူ၊ လူလက်နက် အဖမ်းခံရသူအရေအတွက် များသထက်များလာနေတယ်။ ဒုက္ခိတလမ်းစဉ်အောက်လျှောက်နေတဲ့ လက်နက်ကိုင် အကြမ်းဖက်သမားတွေအားလုံး လက်နက်နဲ့ ငြိမ်းချမ်းရေး လဲလှယ်ရမယ့်အနေအထားတစ်ခုဆီ ရောက်လာသင့်နေပြီလို့လည်း ယူဆတယ်။

ဒီလိုမှမဟုတ်ရင် အစွန်းရောက်တွေအတွက် အနာဂတ်ပျောက်၊ ဇာတ်သိမ်းကောင်းမှာ မဟုတ်ပါဘူး။ အကြမ်းဖက်အားလုံးက ကိုယ့်အကျိုးစီးပွားနဲ့ကိုယ် တိုက်ခိုက်နေကြတာသာဖြစ်တဲ့အတွက် မနိုင်တဲ့စစ်ပွဲမှာ နိုင်ငံရဲ့အရင်းအမြစ်အားလုံးကို ဖျက်ဆီးနေတဲ့ အကြမ်းဖက်တွေဘက်က အောင်နိုင်ခြေ ဘယ်လောက်ရှိမှာလဲ၊ မရှိသလောက်ပါပဲ။ ကိုယ့်လုပ်ရပ်က အရှုံးအမြတ်တန်ရဲ့လား၊ ပြန်စဉ်းစားပြီး တွက်ကိန်းမမှားဖို့သာ တောင်းဆိုပါရစေ။

**ငြိမ်းချမ်းရေးအတွက် အစွမ်းအစရှိရှိ၊ အမြော်အမြင်ရှိရှိနဲ့ ပကတိအရှိတရားတွေဘက်မှာ မှန်မှန်ကန်ကန် ရပ်တည်ကြစေချင်ပါတယ်။ ဒီအချက်က ပြည်သူအားလုံးရဲ့ ဆန္ဒအမှန်ပါပဲ။** ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ပထမအကြိမ် ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးကောင်စီ အစည်းအဝေးနှင့် ဆဋ္ဌမအကြိမ်မြောက် ဒစ်ဂျစ်တယ်ပေါင်းကူးတံတားထူထောင်ရေးဆိုင်ရာ နိုင်ငံတကာဖိုရမ် (၂၀၂၅) တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၃**

ကာဇက်စတန်သမ္မတနိုင်ငံ အက်စ်တာနာမြို့၌ အောက်တိုဘာ ၁ ရက်မှ ၄ ရက်အထိ ကျင်းပသော ပထမအကြိမ် ဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ အစည်းအဝေးနှင့် ဆဋ္ဌမအကြိမ်မြောက် ဒစ်ဂျစ်တယ် ပေါင်းကူးတံတားထူထောင်ရေးဆိုင်ရာ နိုင်ငံတကာဖိုရမ် (၂၀၂၅)သို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ပါဝင်တက်ရောက်သည်။



အောက်တိုဘာ ၁ ရက် နံနက်ပိုင်းတွင် ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးကောင်စီ အစည်းအဝေး (Council for the Development of Artificial Intelligence) ကို အက်စ်တာနာမြို့ EXPO International Exhibition Center ၌ ကျင်းပရာ ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Kassym-Jomart Tokayev တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါကောင်စီအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့်အတူ ဉာဏ်ရည်တုနည်းပညာနှင့် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး Mr. Zhaslan Madlyev၊ အစိုးရအဖွဲ့အကြီးအကဲများ၊ နိုင်ငံတကာမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပညာရှင်များ၊ နည်းပညာဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အောက်တိုဘာ ၂ ရက် နံနက်ပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည် အက်စ်တာနာမြို့ရှိ Astana Hub ၌ ကျင်းပသော ဆဋ္ဌမအကြိမ်မြောက် ဒစ်ဂျစ်တယ်ပေါင်းကူးတံတားထူထောင်ရေးဆိုင်ရာ နိုင်ငံတကာဖိုရမ် (VI International Forum “Digital Bridge 2025”: Generative Nation) ဖွင့်ပွဲသို့ တက်ရောက်သည်။

အဆိုပါ ဖိုရမ်သို့ ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Kassym-Jomart Tokayev၊ ဟန်ဂေရီနိုင်ငံ သမ္မတ H.E. Mr. Tamas Sulyok၊ အစိုးရအဖွဲ့အကြီးအကဲများ၊ Telegram တည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ် Mr. Pavel Durov၊ နိုင်ငံတကာမှဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပညာရှင်များ၊ နည်းပညာဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဖိုရမ်ဖွင့်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာကြသူများနှင့်အတူ ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အောက်တိုဘာ ၃ ရက်မွန်းလွဲပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည် ကာဇက်စတန်သမ္မတနိုင်ငံ ဉာဏ်ရည်တုနည်းပညာနှင့် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Kanysh Tuleushin နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ဖိုရမ်တွင် ကာဇက်စတန်သမ္မတနိုင်ငံကို ဥရောပနှင့်အာရှအကြား ဆက်သွယ်ပေးသည့် နည်းပညာဆိုင်ရာ အချက်အချာကျသော နိုင်ငံတစ်ခုအဖြစ် ပြောင်းလဲဆောင်ရွက်ရန်ရည်ရွယ်ပြီး ဖိုရမ်အတွင်း ကမ္ဘာ့ခေါင်းဆောင်များ၊ နည်းပညာတီထွင်ဖန်တီးသူများနှင့် ရင်းနှီးမြှုပ်နှံသူများသည် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု၊ ဉာဏ်ရည်တုနည်းပညာနယ်ပယ်တွင် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများကို တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပဲခူးမြို့၌ MSMEs လယ်ယာသုံးစက်ကိရိယာပစ္စည်းထုတ်ကုန်များ ပြပွဲ/ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ပဲခူး အောက်တိုဘာ ၃**

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောဘုရား ယာဉ်ရပ်နားဝင်း၌ ယမန်နေ့ ညနေပိုင်းက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးဆောင်၍ MSMEs လယ်ယာသုံးစက်ကိရိယာပစ္စည်းထုတ်ကုန်များ ပြပွဲ/ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

**ဖွင့်လှစ်**

ဦးစွာ MSMEs လယ်ယာသုံး စက်ကိရိယာ ပစ္စည်းထုတ်ကုန်များ ပြပွဲ/ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူတို့က ဖွင့်ပွဲအဝင် မုခ်ဦးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ပဲခူးတိုင်းဒေသကြီး အတွင်းမှ ထုတ်လုပ်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ ဖြန့်ဖြူးပေးလျက်ရှိသည့် လယ်ယာသုံး စက်ကိရိယာ ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးရာ ပြခန်းအလိုက် လယ်ယာသုံး စက်ကိရိယာ ထုတ်လုပ်သူများက ရှင်းလင်းပြောကြားသည်။

**ဝယ်ယူလျက်ရှိ**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မိရိုးဖလာစိုက်ပျိုးနည်းစနစ်မှ သိပ္ပံနည်းကျ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲနိုင်ရေး၊ ပြည်ပပို့ကုန်အစားထိုးနိုင်ရေးနှင့် အရည်အသွေးပြည့်ဝပြီး ဈေးနှုန်းသင့်လျော်သည့် ပြည်တွင်းထုတ်ကုန်များ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်စေရေး ရည်ရွယ်၍ MSMEs လယ်ယာသုံးစက်ကိရိယာ ပစ္စည်းထုတ်ကုန်များ ပြပွဲ/ပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်ရာ မြို့နယ် ၂၈ မြို့နယ်မှ ထုတ်လုပ်လျက်ရှိသည့် ကောက်စိုက်စက် ကိရိယာအမျိုးမျိုး၊ စပါးအခြောက်ခံစက်၊ ဘက်စုံသုံး ခြွေလှေ့စက်အမျိုးမျိုး၊ မျိုးစေ့ချစက် အမျိုးမျိုး၊ ပေါင်းလိုက်/ပေါင်းရှင်း ကိရိယာ အမျိုးမျိုး၊ ဆေးဖျန်းစက်အမျိုးမျိုး၊ စပါးသယ်ယူစက် အမျိုးမျိုး၊ နှမ်းပေါင်ကြီးတင် စက်များ၊ မြေသြဇာချစက်များ၊ ကြံစိုက်စက်များ၊ သဘာဝမြေသြဇာနှင့် ပိုးသတ်ဆေးအမျိုးမျိုး စုစုပေါင်း လယ်ယာသုံးပစ္စည်းနှင့် ဆက်စပ်ပစ္စည်း ၁၅၀ ကျော်ကို ဆိုင်ခန်းပေါင်း ၄၄ ခန်းဖြင့် ခင်းကျင်းပြသထားပြီး အနယ်နယ်အရပ်ရပ်မှ တောင်သူများ စိတ်ဝင်တစားလာရောက်လေ့လာ ဝယ်ယူလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ရှမ်းပြည်နယ်(တောင်ပိုင်း) တာဆန်းဒေသ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၃**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် တာဆန်းကျေးရွာသို့ သွားရောက်ကာ ကျေးရွာမှဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ရွာသူ ရွာသားများနှင့် တွေ့ဆုံသည်။

**ညှိနှိုင်းဆောင်ရွက်**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက တာဆန်းကျေးရွာရှိ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ဒေသအာဏာပိုင်များ၊ လုပ်ငန်းရှင်များနှင့် ဒေသခံများအားလုံး ဝိုင်းဝန်းပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒေသ၏အခြေခံလိုအပ်ချက်ဖြစ်သည့်ပညာရေး၊ကျန်းမာရေး၊ လျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေးစသည်တို့ အဆင်ပြေချောမွေ့စေရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တာဆန်းကျေးရွာမူလတန်းကျောင်းသို့ သွားရောက်ကာ ကျောင်းသား ကျောင်းသူကလေးငယ်များ ပညာသင်ကြားနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ ကျေးရွာဆေးပေးခန်းနှင့် သားဖွားခန်းသို့ သွားရောက်ကြည့်ရှုပြီး ကျန်းမာရေးနှင့် ပတ်သက်သည့် ဆေးဝါးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် တာဆန်းတံတားအဟောင်းနှင့်အသစ် တည်ဆောက်လျက်ရှိသော သံလွင်တံတား(တာဆန်း) တည်ဆောက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ သံလွင်တံတား(တာဆန်း)သည် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)သို့ ဆက်သွယ်ထားပြီး နယ်စပ်မြို့များကို အဓိကဆက်သွယ်သွားလာနိုင်သည့်အတွက် ပြည်တွင်းခရီးသွားလုပ်ငန်းသာမက နယ်စပ်ဖြတ်ကျော်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကိုပါ အထောက်အပံ့ဖြစ်စေကြောင်း မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် နားကျိုင်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိရာ ရေတိုက်စားမှုကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဘုန်းတော်ကြီးကျောင်း အမြန်ဆုံး ပြန်လည်တည်ဆောက်ပြုပြင်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးပြီး ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မိုင်းပန်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ရတနာပုံတက္ကသိုလ်ဘာသာရပ်ဆိုင်ရာလှုပ်ရှားမှုများနှင့် ပညာရပ်ဆိုင်ရာပိုစတာများကြည့်ရှု

**နေပြည်တော် အောက်တိုဘာ ၃**

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်သည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့်ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရတနာပုံတက္ကသိုလ်သို့ ရောက်ရှိပြီး ဘာသာရပ်ဆိုင်ရာလှုပ်ရှားမှုများနှင့် ပညာရပ်ဆိုင်ရာပိုစတာများကို ကြည့်ရှုသည်။



ထို့နောက် အဝေးသင်(သိပ္ပံတွဲ) သင်တန်းကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများနှင့် တွေ့ဆုံ၍ မန္တလေးတက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူ ၁၅၀၀ ကျော်ရှိရာတွင် ပါရဂူတက်ရောက်သူ ၇၀၀ ကျော်ရှိသည့်အတွက် သုတေသနအခြေပြုတက္ကသိုလ်ဟု ဆိုရမည်ဖြစ်ကြောင်း၊ ရတနာပုံတက္ကသိုလ်အနေဖြင့် သင်ကြားရေးအခြေပြုတက္ကသိုလ် ဖြစ်သည်ကို ကျောင်းသား ကျောင်းသူအင်အားကြည့်ခြင်းဖြင့် သိရှိရကြောင်း၊ ရတနာပုံ တက္ကသိုလ်တွင် နေ့သင်တန်း ကျောင်းသား ကျောင်းသူဦးရေ ငါးထောင်ကျော်ရှိပြီး အဝေးသင်ကျောင်းသား ကျောင်းသူ သုံးသောင်းကျော်ရှိသည်ကို တွေ့ရှိရကြောင်း၊ သင်ကြားရေးအပေါ်တွင် အခြေပြုသည့် တက္ကသိုလ်များနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိရန် လိုအပ်ကြောင်း။

ဆရာ ဆရာမများကိုယ်တိုင် စာကြည့်တိုက်သို့ သွားရောက်၍ ပရောဂျက်ခေါင်းစဉ်များ ချပေးရန် လိုအပ်ကြောင်း၊ ယနေ့အချိန်ကာလတွင် ကျောင်းသား ကျောင်းသူများသည် နေ့သင်တန်းများထက် အဝေးသင်ကို ပိုမိုရွေးချယ်တက်ရောက်လျက်ရှိကြကြောင်း၊ အဝေးသင်ပညာရေးစနစ်သည် ပုံစံအမျိုးမျိုးရှိသည့်အတွက် အဝေးသင်ရှိသည့် ကျောင်းများမှ ပါမောက္ခချုပ် ဆရာ ဆရာမကြီးများနှင့် အစည်းအဝေးကျင်းပပြီး အဝေးသင်ပညာရေးစနစ် ပိုမိုအကောင်းဆုံး ဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူများသည် ဝတ်စားရာတွင် မြန်မာ့ယဉ်ကျေးမှုကို ချစ်မြတ်နိုးပြီး ရိုးရာယဉ်ကျေးမှုနှင့်အညီ တန်ဖိုးထားဝတ်စားဆင်ယင်ကြစေရေး ကြပ်မတ်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မန္တလေးတက္ကသိုလ်သို့ ရောက်ရှိပြီး မန္တလေးတက္ကသိုလ် ရာပြည့်သဘင်အခမ်းအနား အစမ်းလေ့ကျင့်နေမှုများနှင့် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာနရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများ၌ သင်တန်းဆင်းပွဲများကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း (ဘားအံ၊ လပွတ္တာ၊ အောင်ပန်း)တို့၌ ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လက်ကိုင်ဖုန်းပြင်သင်တန်းနှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဆင်းပွဲများကို ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းများ၌ ကျင်းပဆောင်ရွက်ခဲ့ရာ ဘားအံမြို့ သင်တန်းကျောင်းတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အောင်ပန်းမြို့ သင်တန်းကျောင်းတွင် ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းနှင့် လပွတ္တာမြို့ သင်တန်းကျောင်းတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးတို့ တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းကျောင်း သုံးကျောင်းတွင် ဆောက်လုပ်ရေးသင်တန်းသား ၁၄ ဦး၊ လျှပ်စစ်သင်တန်းသား ၂၅ ဦး၊ ဂဟေသင်တန်းသား ၃၀၊ မော်တော်ယာဉ်စက်ပြင် သင်တန်းသား ၄၁ ဦး၊ လက်ကိုင်ဖုန်းပြင်သင်တန်းသား ၁၅ ဦးနှင့် စက်မှုကျောင်း (အောင်ပန်း)တွင် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသား ၂၀ စုစုပေါင်း ၁၄၅ ဦးဖြင့် မေ ၅ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ နေထိုင်စားသောက်ရေး၊ လက်တွေ့ခန်းသုံးပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာဖြင့် အခမဲ့ထောက်ပံ့ သင်ကြားပေးခဲ့ပြီး သင်တန်းထူးချွန်ဆု ရရှိသူများနှင့် သင်တန်းသားများအတွက် သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။



အောင်ပန်းမြို့ သင်တန်းကျောင်းတွင် ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း သင်တန်းဆင်းအမှာစကားပြောကြားစဉ်။

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းများတွင် ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ်ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းကျောင်းများ စတင်ဖွင့်လှစ်ချိန်မှ ယခုအထိ သင်တန်းသား စုစုပေါင်း ၆၈၂၀ သင်ကြားလေ့ကျင့်မွေးထုတ်ပေးခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပီတိလွှမ်းလို့ ဝမ်းမြောက်သူ

✧ ကျောင်းသို့လာ တပည့်မွန်ကလေးတို့ကို
ကောင်းဖို့ရာ သတိညွှန်ပေးပါရင်း
အသိချွန်ရေး မြော်မြင်လို့
ပျော်ရွှင်အောင် နဂိုအပြုံးမြတွေနဲ့
ဆိုဆုံးမလေတဲ့ အသိကြွယ်။
ချိုနှလုံးလှစေကွဲ့ တပည့်ငယ်။

✧ ရိုးသားစွာ ယဉ်ကျေးဟန်မလွတ်စေဖို့
ကြိုးစားကာ သင်တွေးအံ့ရွှတ်ပါကွဲ့
ဉာဏ်မချွတ် အမြင်ကျယ်ရအောင်
ဆင်ခြင်ဖွယ် သတိထားရင်လ
အသိပွားကာ လူရာဝင်လို့
တပည့်များမှာ လူတကာခင်လိမ့်မယ်တဲ့
သွန်သင်ကာ နေ့စဉ်ပြောတယ်
မောနိုင်ဘူးကွယ်။

✧ သို့...ပြုံး၊ သို့...ယဉ်..... သို့...ဆို၊ သို့...စားပါကွဲ့
သို့...သုံး၊ သို့...ဆင်..... သို့...သို၊ သို့...ထားပါလို့
အသွားအလာ အနေအထိုင်
စကားအရာ အခြေခိုင်ရအောင်
မသွေမယိုင် အလိုက်သင့်စေဖို့
“စရိုက်အကျင့်.....သည်လိုဖြူ
အမူ.....သည်လိုပြု
အတု.....သည်လိုဆောင်”ဟု
နားဝင်အောင် အဆင်တန်ဆာလေးတွေနဲ့
သင်ကာပေးပါတဲ့ အာစရိယအနွယ်
ပညာအဓိကရယ်ကွဲ့ ဩဝါဒပေး။
ယဉ်တာသိရမယ်တဲ့ လောကသာရအရေး။

✧ အသိရယ်ကြွယ်.....
တပည့်ငယ် အလိမ္မာမွန်တို့
အိမ်တာဝန် ကိုယ်စီထမ်းတဲ့ပြင်
ထုတ်စွမ်းအင် ပွားပိုရအောင်
လုပ်ငန်းခွင် အနားမခိုဘဲ
စကားဆို ဝါစာပီယရယ်နဲ့
ဉာဏ ကြိုင်လှိုုံစွာ
ကာယ ခိုင်သန်မာလို့
နိုင်ငံမှာ ပြည့်သားကောင်းတွေပဲ
တပည့်အပေါင်းကို လှမ်းတွေ့မြင်တော့
ချမ်းမြေ့ရင် ပီတိလွှမ်းရတယ်
(ဆရာ့မှာလေ)
ဝမ်းမြောက်ရှင်အေး......။ ။

ရေနံ့သာမောင်ကျော်ညွန့်

## စစ်တောင်းမြစ်ရေ တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် အောက်တိုဘာ ၃**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် စိုးရိမ် ရေမှတ်အထက်သို့ တစ်ပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက် တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီ လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ပရိဝုဏ် အတွင်း၌ ကျင်းပသည်။



သစ်ပင်စိုက်ပျိုးပွဲသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း/ အမှုထမ်းဝန်ထမ်းများ စုပေါင်းပါဝင်စိုက်ပျိုးကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက သတ်မှတ်နေရာများတွင် ကံ့ကော်ပင်များကို ဦးဆောင်စိုက်ပျိုးကြပြီး အရာထမ်း/အမှုထမ်းဝန်ထမ်းများက သတ်မှတ်နေရာများ၌ ကံ့ကော်ပင်နှင့် ခရေပင် စုစုပေါင်းအပင် ၃၀၀ တို့ကို **"ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း၊ ထာဝရကုသိုလ်ရဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့"** ဆိုသည့် စကားရပ်များနှင့်အညီ ပျော်ပျော်ပါးပါး စုပေါင်းပါဝင် ဆင်နွှဲစိုက်ပျိုးကြရာ ပြည်ထောင်စုဝန်ကြီးက ယခု မိမိတို့ စိုက်ပျိုးကြမည့်အပင်များကို ရှင်သန်အောင် စိုက်ပျိုးရမည့်အပြင် စိုက်ပျိုးပြီးအပင်များကိုလည်း ရှင်သန်ဖြစ်ထွန်း ကြီးထွားစေရေးအတွက် အားလုံးဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား မှာကြားသည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းနိုင်စေရေး၊ စိမ်းလန်းစိုပြည်၍ ရာသီဥတု မျှတကောင်းမွန်စေရေး၊ ရေနှင့်မြေဆီလွှာ ခန်းခြောက်မှုကို ထိန်းသိမ်းနိုင်စေရေးတို့အတွက် ရည်ရွယ်၍ သစ်ပင်စိုက်ပျိုးပွဲများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားကွင်း/အားကစားရုံများရှိ မြေနေရာလွတ်များတွင် ရတနာတန်းဝင်(ကျွန်း)ပင်များ၊ နှစ်ရှည်ပင်များ၊ အရိပ်ရလေကာပင်များနှင့် သီးပင်စားပင် အမျိုးအစားပေါင်းများစွာကို မိသားစုဝင်များက လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆင်နွှဲစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း(အေရိုးဗစ်) ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ



**ရန်ကုန် အောက်တိုဘာ ၃**

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်) ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့်ဇနီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဆုရ အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ဗိုလ်လုပွဲ တစ်ဦးချင်းပြိုင်ပွဲများအပြီးတွင် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း(အေရိုးဗစ်) ပြိုင်ပွဲတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ လှူဒါန်းပေးခဲ့သော အလှူရှင်များအား အမှတ်တရဂုဏ်ပြု (Trophy)များကို အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ပေးအပ်သည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးက (၉)ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသော ကချင်ပြည်နယ်အသင်း၊ ဒုတိယဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်း၊ တတိယဆုရရှိသော စစ်ကိုင်းတိုင်းဒေသကြီး အသင်းတို့ကို လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌက စတုတ္ထဆုရရှိသော ရှမ်းပြည်နယ်အသင်းနှင့် ပဉ္စမဆုရရှိသော မန္တလေးတိုင်းဒေသကြီးအသင်းတို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး ဦးဇော်ဝင်းက (၃)ယောက်တွဲ ပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီး အသင်း၊ ပူးတွဲပထမဆုရရှိသော ကချင်ပြည်နယ်အသင်း၊ တတိယဆုရရှိသော စစ်ကိုင်းတိုင်းဒေသကြီး အသင်း၊ စတုတ္ထဆုရရှိသော ကရင်ပြည်နယ်အသင်းနှင့် ပဉ္စမဆုရရှိသော မွန်ပြည်နယ်အသင်းတို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ဌေးက တစ်ဦးချင်းပြိုင်ပွဲတွင် ဒုတိယဆုရရှိသော ဇန်ဝါအောင်(မန္တလေးတိုင်းဒေသကြီး)၊ တတိယဆုရရှိသော နန်းဇီဇဝါမြဦး (ကရင်ပြည်နယ်)၊ စတုတ္ထဆုရရှိသော လင်္ဂလေယော်နမ် (ကချင်ပြည်နယ်)၊ ပဉ္စမဆုရရှိသော ဝင်းသော်တာအောင်(နေပြည်တော်)တို့ကို လည်းကောင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော သွန်းသရဖဏ် (ရန်ကုန်တိုင်းဒေသကြီး)ကို လည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ်က ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခုဖြင့် အမျိုးသမီးတံခွန်စိုက်ဆုဖလား ရရှိသွားသော ရန်ကုန်တိုင်းဒေသကြီး အသင်းအား အမျိုးသမီးတံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) အစည်းအဝေးခန်းမ၌ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်ရာတွင် ပါဝင်မည့် အုပ်ချုပ်မှုဆိုင်ရာ ရုံးအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ကြိုတင်ဆောင်ရွက်ရမည့် လိုအပ်သည်များကို မှာကြားကာ ဒုတိယအမြဲတမ်းအတွင်းဝန်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပဏာမလက်ရွေးစင် အားကစားသမားများ ထားရှိရာ လေးထပ်အိပ်ဆောင်ရှိစားရိပ်သာသို့ရောက်ရှိကာ စားရိပ်သာ၌ ကျွေးမွေးနေမှုများ၊ သန့်ရှင်းသပ်ရပ်စွာ ပြင်ဆင်ထားရှိမှုများ၊ ချက်ပြုတ်ဆောင်နှင့် စတိုခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၃၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တံခွန်စိုက်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း ပြုလုပ်



**နေပြည်တော် အောက်တိုဘာ ၃**

၂၀၂၅ ခုနှစ် (၃၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တံခွန်စိုက်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အားကစားရုံ(နဝဒေး)၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အမျိုးသားပွဲများအဖြစ် ဗန်တိုအတိုက်(က)တန်းပြိုင်ပွဲ၊ ဗန်တို(ခ)တန်းပြိုင်ပွဲ၊ ပန်ကြပ်ဆီလက် အတိုက်(က)တန်းပြိုင်ပွဲ၊ ဓားတစ်လက်အတိုက်ပြိုင်ပွဲနှင့် အမျိုးသမီးပွဲများအဖြစ် ပန်ကြပ်အတိုက်ပြိုင်ပွဲ၊ ဓားတစ်လက် အတိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်း ဆုရရှိကြသူများ၊ အသင်းလိုက် ဆုရရှိကြသူများ၊ တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းဆုရရှိသော အသင်းတို့အား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးနှင့် တာဝန်ရှိသူများက တံခွန်စိုက်ဒိုင်း၊ ဆင့်ပွားဒိုင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

**ယှဉ်ပြိုင်ကစား**

အဆိုပါ ၂၀၂၅ ခုနှစ် (၃၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၅ သင်းဖြင့် စက်တင်ဘာ ၂၂ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် DPLA ၊ KNDF ၊ PNLO ၊ ကရင်နီအမျိုးသား လွတ်မြောက်ရေးတပ်ပေါင်းစုနှင့် PDF အမည်ခံအဖွဲ့ဝင် ၃၀ တို့ လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

**နေပြည်တော် အောက်တိုဘာ ၃**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင် လှုပ်ရှားနေသည့်အဖွဲ့အစည်းများ အတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် DPLA ၊ KNDF ၊ PNLO ၊ ကရင်နီအမျိုးသား လွတ်မြောက်ရေး တပ်ပေါင်းစုနှင့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် ၃၀ တို့သည် လက်နက်ခဲယမ်းများနှင့် အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေး ပစ်မှတ်မဟုတ်သည့် အခြေခံ အဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြား ဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနိုင်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများ ကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ် ကျဆင်းလာခြင်းတို့ အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသည့် DPLA အဖွဲ့ဝင် ၁၂ ဦး၊ KNDF အဖွဲ့ဝင် တစ်ဦး၊ PNLO အဖွဲ့ဝင် လေးဦး၊ ကရင်နီအမျိုးသား လွတ်မြောက်ရေးတပ်ပေါင်းစု အဖွဲ့ဝင် တစ်ဦး၊ PDF အမည်ခံအဖွဲ့ဝင် ၁၂ ဦး စုစုပေါင်း ၃၀ တို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပွဲကို ယနေ့တွင် အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ၌ ပြုလုပ်ရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားများ ပြောကြားပြီး တာဝန်ရှိသူတစ်ဦးက နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေးရှင်းလင်း ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် AK-47 တစ်လက်၊ M-22 သုံးလက်၊ ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်ခံရယူကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက် ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ကာ ဝန်ခံကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ







ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

၁။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ် ကျောက်ဂူကျေးရွာမှာ နေပါတယ်။ ကျွန်တော် ကျောက်ဂူမှာနေတုန်းက ဒီမှာမိသားစုနဲ့ တောင်ယာလုပ် နေထိုင်ပါတယ်။ ကျွန်တော်ပြန်လာတဲ့ အချိန်မှာ DPLA၊ PDF အဖွဲ့အစည်း ပလောင်တွေက ကျွန်တော့်ကို ည ၁၂ နာရီလောက် ကျွန်တော်အိပ်နေတဲ့ အချိန်မှာ လာပြီးတော့ ဖမ်းဆီးခေါ်ဆောင်သွားပါတယ်။ အိမ်ထဲက ပစ္စည်းတွေလည်း တစ်ခုမှ မကျန်ဘူး အကုန်ယူသွားပါတယ်။ ယူသွားတဲ့အပြင် ကျွန်တော့်ကိုလည်း သင်တန်း ၃ လတက်ခိုင်းပါတယ်။ ကျွန်တော်က ကြောက်ကြောက်နဲ့တော့ လုပ်နေရတာပါ။ ဒီ DPLA အကြမ်းဖက်အဖွဲ့အစည်းတွေက တပ်မတော်နဲ့ အဆက်အသွယ် ပြန်လုပ်လို့ရှိရင် ခြိမ်းခြောက်တာပေါ့။ ကျွန်တော့်ကို သတ်ဖြတ်မယ် ပြောတယ်။ မိသားစုနဲ့ ပြန်လည်ဆုံဆည်းဖို့ ဒီထဲမှာ ကြာကြာနေလို့ရှိရင် သေမယ်။ စဉ်းစားလိုက်တော့ ငါဒီထဲမှာ မနေနိုင်ဘူးပြန်မယ်ပေါ့။ အဲဒီလိုမျိုးဆက်နေလို့ရှိရင် ကိုယ့်ဘဝကို တိုးတက်ရာတိုးတက်ကြောင်းလည်းမရှိဘူးဆိုပြီးတော့ ကျွန်တော် ထွက်ပြေးလာတယ်။ တပ်မတော်က သူတို့လို ခြိမ်းလည်း မခြိမ်းခြောက်ဘူး နွေးထွေးစွာနဲ့ ကြိုဆိုတယ်။

၂။ ကျွန်တော်ကတော့ နောင်ချိုဒေသမှာနေထိုင်တဲ့ ဓနုတိုင်းရင်းသားတစ်ဦး ဖြစ်ပါတယ်။ ကျွန်တော်ကတော့ DPLA အကြမ်းဖက်အဖွဲ့ထဲ ရောက်သွားရတဲ့ အကြောင်းရင်း ကတော့ အဘွားကျန်းမာရေးမကောင်းလို့ ညဘက်အပြင်ထွက်ရင်းနဲ့ TNLA အကြမ်းဖက်သမားနဲ့ လမ်းမှာ တွေ့ပြီးတော့ ကျွန်တော့်ကို ဖမ်းဆီး ခေါ်ဆောင်သွားခဲ့တယ်။ အဲဒီကနေ ဖမ်းဆီးခေါ်ဆောင်ပြီးတော့ ကျွန်တော့်ကို TNLA အကြမ်းဖက်အဖွဲ့ထဲကမှ DPLA အကြမ်းဖက်အဖွဲ့ထဲကို လွှဲပြောင်းထည့်ပေးလိုက်တယ်။ အဲဒီကနေမှ ကျွန်တော့်ကို DPLA အကြမ်းဖက်အဖွဲ့တွေက စစ်သင်တန်းလေးလ ပေးခဲ့တယ်။ စစ်သင်တန်းလေးလ ပေးပြီးတဲ့ နောက်ပိုင်းမှာတော့ နောင်ချိုကို တပ်သားအဆင့်နဲ့ တာဝန်ထမ်းဆောင်ခိုင်းခဲ့တယ်။ ကျွန်တော် တပ်သားအဆင့်နဲ့ တာဝန် ထမ်းဆောင်နေချိန်မှာလည်း ခေါင်းဆောင်ပိုင်း ဖြစ်ကြတဲ့လူတွေကတော့ ရာထူးအဆင့်အတန်းခွဲခြားတာတွေ အာဏာပြတာတွေ၊ ဆဲဆိုတာတွေကိုလည်း ကျွန်တော်တို့အနေနဲ့ တွေ့ခဲ့ရတယ်။ အဲဒီအချိန်မှာ ကျွန်တော် ထွက်ပြေးဖို့ကြိုးစားခဲ့ပေမယ့်လည်း သူတို့ DPLA အကြမ်းဖက်အဖွဲ့တွေက မင်းတို့ထွက်ပြေးခဲ့ရင် မင်းတို့ မိသားစု၊ မင်းတို့ညီအစ်ကိုမောင်နှမတွေကို ငါတို့မင်းတို့ကို လုပ်သလို လုပ်ခိုင်းမယ်ဆိုလို့ ကျွန်တော်တို့အနေနဲ့ မထွက်ပြေးရဲခဲ့ဘူး။ အဲဒါနဲ့အောင့်အည်းပြီးနေခဲ့ရတယ်။ ဒီနှစ်ခြောက်လပိုင်းလောက်မှာ တပ်မတော်ဘက်ကနေ နောင်ချိုမြို့ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့တဲ့အတွက် ကျွန်တော်တို့မိသားစုလည်းပဲ DPLA အကြမ်းဖက်အဖွဲ့တွေရန်က ကင်းလွတ်သွားပြီဖြစ်တဲ့အတွက် မိသားစုကို စိတ်ချယုံကြည်စွာနဲ့ နောင်ချိုမှာထားပြီးတော့ DPLA အကြမ်းဖက်အဖွဲ့ထဲက ထွက်ပြေးပြီးတော့ အခုလိုအလင်းဝင်လာရခြင်း ဖြစ်တယ်။ ကျွန်တော်တို့ အခုလို အလင်းဝင်ရောက်တဲ့အချိန်မှာလည်းပဲ တပ်မတော်ဘက်ကနေ နွေးနွေးထွေးထွေးနဲ့ ကိုယ့်မိသားစု၊ ကိုယ့်ညီအစ်ကိုလိုပဲ ကြိုဆိုပြီးတော့ ဆက်ဆံတယ်။ တပ်မတော်ဘက်ကို ရောက်တဲ့ အချိန်မှာလည်းပဲ အခုလို မိသားစုဘဝကို လုံခြုံမှုပေးခဲ့တဲ့အတွက် ကျွန်တော်ဝမ်းသာပီတိဖြစ်ရတယ်။ တကယ်တော့ တပ်မတော်ဘက်က ရိုက်နှက်ခြင်းလည်းမရှိပါဘူး။ ထောင်တွေဘာတွေ လည်းမချဘူး။ နွေးနွေးထွေးထွေးနဲ့ ကြိုဆိုနေတယ်။ အလင်းဝင်ဖို့အတွက် ကျွန်တော့်အနေနဲ့ တိုက်တွန်းလိုပါတယ်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ်စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ရေဝတီတိုင်းဒေသကြီးကိုယ်စားပြုပြိုင်ပွဲဝင်များအား အောင်နိုင်ရေးအလံပေးအပ်

**ပုသိမ် အောက်တိုဘာ ၃**

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်များအား အောင်နိုင်ရေးအလံပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးဖြစ်သောကြောင့် ရိုးရာအစဉ်အလာများကိုထိန်းသိမ်း၍ ဝတ်စားဆင်ယင်မှုကိုလည်း ဂရုစိုက်ကြရမည်ဖြစ်ကြောင်းနှင့် ကျန်းမာရေးကိုလည်း ဂရုစိုက်နေထိုင်ကြရမည်ဖြစ်ကြောင်း၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲသို့ တက်ညီလက်ညီ သွားရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များအနေဖြင့် အကောင်းဆုံးကြိုးစားယှဉ်ပြိုင်ကြရန်နှင့် ဆုတံဆိပ်များရရှိ၍ အောင်မြင်မှုများယူဆောင်လာနိုင်စေကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ပြိုင်ပွဲဝင်များ၏ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အောင်နိုင်ရေးအလံနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ရေဝတီတိုင်းဒေသကြီးကိုယ်စားပြုအနေဖြင့် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟို)အဆင့်သို့ အမျိုးသား ၇၀၊ အမျိုးသမီး ၈၄ ဦး၊ အုပ်ချုပ်၊ နည်းပြ အမျိုးသား ၄၅ ဦး၊ အမျိုးသမီး ၁၇ ဦး၊ ပံ့ပိုးသူအမျိုးသား ၁၇ ဦး၊ အမျိုးသမီး လေးဦး၊ အုပ်ထိန်းသူအမျိုးသား ၂၈ ဦး၊ အမျိုးသမီး ၄၉ ဦး စုစုပေါင်း ၃၁၄ ဦး ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**






## မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကာလအတွင်း ဈေးဆိုင်ခန်းများ မီးဘေးလုံခြုံရေး စစ်ဆေး

**မကွေး အောက်တိုဘာ ၃**

မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးအား အောက်တိုဘာ ၁ ရက်မှ ၂၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ဘုရားပွဲတော်ကျင်းပနေစဉ်ကာလအတွင်း မီးလောင်မှု/မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် ဈေးဆိုင်ခန်းများအား မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့ ညနေ ၄ နာရီက ဆောင်ရွက်သည်။

မီးဘေးလုံခြုံရေးစစ်ဆေးရာတွင် မကွေးမြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသူဦးဆောင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြသလွန်ဘုရားဂေါပကအဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပွဲတော်ကော်မတီအဖွဲ့ဝင်များ ပူးပေါင်း၍ မြသလွန်ဘုရားပွဲတော်ကာလအတွင်း ရောင်းချလျက်ရှိသော ဈေးဆိုင်ခန်းများအား လျှပ်စစ်မီးသုံးစွဲမှု စနစ်တကျရှိစေရေး၊ မီးသုံးစွဲမှုသတိရှိစေရေး၊ ဈေးဆိုင်ခန်းများတွင် မီးသတ်ဆေးဘူးထားရှိစေရေးတို့ကို လိုက်လံသတိပေးစစ်ဆေးအကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မောင်ခိုင်းမင်း(ပြန်/ဆက်)**

## မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီး/ပြည်နယ်မှ ပြိုင်ပွဲဝင်အဖွဲ့များ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃**

၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲကို နေပြည်တော်၌ အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်အထိ နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

**ဝင်ရောက်ယှဉ်ပြိုင်မည်**

အဆိုပါပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယနေ့ညပိုင်းတွင် ကချင်ပြည်နယ်မှ အုပ်ချုပ်သူများ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်များသည် နေပြည်တော်သို့ ရောက်ရှိကြသည်။

ထို့အတူ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ အုပ်ချုပ်သူများ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်အဖွဲ့များသည် နေပြည်တော်သို့ ရောက်ရှိကြပြီး အခြား တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုယ်စားပြု ပြိုင်ပွဲဝင်များသည် အောက်တိုဘာ ၄ ရက်နှင့် ၅ ရက်တို့တွင် ထပ်မံရောက်ရှိကြမည်ဖြစ်သည်။

**နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်**

ထိုသို့ ရောက်ရှိလာကြသည့် အုပ်ချုပ်သူများ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်များကို တာဝန်ရှိသူများက နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြပြီး ခေတ္တတည်းခိုနေထိုင်မည့် ရွာတော်တည်းခိုရေးစခန်းရှိ တည်းခိုဆောင်များတွင် နေရာချထားပေးကာ နေထိုင်စားသောက်ရေး အဆင်ပြေစေရန် စီမံဆောင်ရွက်ပေးသည်။



ဒေါ်အေးနီလာ

"ပြိုင်ပွဲကျင်းပတော့မယ်ဆိုတာ ကြားသိကတည်းက ကျွန်မတို့ပြည်နယ်အနေနဲ့ ကြိုတင်ပြင်ဆင်မှု၊ စုဖွဲ့လေ့ကျင့်မှုတွေ လုပ်ဆောင်ခဲ့ကြပါတယ်။ အခုပြိုင်ပွဲအတွက် ရခိုင်ပြည်နယ်ကိုယ်စားပြုအနေနဲ့ အုပ်ချုပ်သူ၊ နည်းပြ၊ ပြိုင်ပွဲဝင် စုစုပေါင်း ၈၂ ဦး ပါဝင်ပါတယ်။ နိုင်ငံတော်အနေနဲ့ မြန်မာနိုင်ငံအတွင်းမှာ နေထိုင်ကြတဲ့ တိုင်းရင်းသား လူမျိုးပေါင်းစုံရဲ့ ကိုယ်ပိုင်ရိုးရာ ယဉ်ကျေးမှုတွေကို ထုတ်ပြနိုင်တဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နှစ်စဉ်နှစ်တိုင်း ကျင်းပပေးတဲ့အတွက် နိုင်ငံတော် အကြီးအကဲတွေ၊ တာဝန်ရှိသူတွေ အားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်"ဟု ရခိုင်ပြည်နယ် ကိုယ်စားပြု အုပ်ချုပ်သူ ဒေါ်အေးနီလာက ပြောသည်။

**သတင်းစဉ်**



## လပွတ္တာမြို့နယ်၌ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း သင်တန်းဆင်းပွဲ ကျင်းပ

**လပွတ္တာ အောက်တိုဘာ ၃**

ရေဝတီတိုင်း ဒေသကြီး လပွတ္တာမြို့နယ် သုံးမိုင်မြို့ (၁)ရပ်ကွက် စိန်ပန်းပြာလမ်းရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း ဆောက်လုပ်ရေးသင်တန်း အမှတ်စဉ်(၁၂)၊ လျှပ်စစ်သင်တန်း အမှတ်စဉ်(၁၉)၊



ဂဟေသင်တန်း အမှတ်စဉ်(၁၉)၊ မော်တော်ယာဉ်စက်ပြင်သင်တန်း အမှတ်စဉ်(၁၄)နှင့် လက်ကိုင်ဖုန်းပြင်သင်တန်း အမှတ်စဉ်(၁၆) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလွင်ကိုဦးက သင်တန်းဆင်း မိန့်ခွန်းပြောကြားသည်။ ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရရှိသော သင်တန်းသားများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ခဲ့ကာ သင်တန်းဆင်း သင်တန်းသားများ၏လက်ရာများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ခရိုင်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ထွေး၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးနေဖြိုးဝင်းသည် တပ်ဖွဲ့ဝင်များနှင့်အတူ အောက်တိုဘာ ၃ ရက်က FSC အကြံပြုချက်ရရှိသော အောင်လံမြို့ သီဟဟိန်း စက်သုံးဆီဆိုင်အား အကြံပြုချက်ကို တိကျစွာလိုက်နာမှု ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ကြစဉ်။ လင်းခန့်

# ဂါဇာကမ်းမြောင်ဒေသ ပဋိပက္ခအဆုံးသတ်ရန် အမေရိကန်၏ ငြိမ်းချမ်းရေးအစီအစဉ်အပေါ် ဟားမတ်စ်အဖွဲ့က မကြာမီတုံ့ပြန်မည်

**ဂါဇာစီးတီး အောက်တိုဘာ ၃**

ဂါဇာကမ်းမြောင်ဒေသပဋိပက္ခအဆုံးသတ်ရန် အမေရိကန်က အဆိုပြုထားသည့် အချက် ၂၀ ပါ ငြိမ်းချမ်းရေးအစီအစဉ်ကို ဟားမတ်စ်အဖွဲ့က မကြာမီ တုံ့ပြန်သွားမည်ဖြစ်ကြောင်း ယနေ့ ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုက ဒေသအတွင်း အပစ်အခတ်ရပ်စဲရေး၊ ဓားစာခံများလွှတ်ပေးရေးနှင့် ဟားမတ်စ်အဖွဲ့အား လက်နက်ဖျက်သိမ်းရေးတို့ ပါဝင်သော ငြိမ်းချမ်းရေးအစီအစဉ်ကို စက်တင်ဘာ ၂၉ ရက်တွင် အဆိုပြုခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အဆိုပြုချက်ကို လက်ခံရန် ဟားမတ်စ်အဖွဲ့ကို တိုက်တွန်းခဲ့သည်။

ငြိမ်းချမ်းရေးအစီအစဉ်ကို လက်ခံသဘောတူညီမှုမရှိပါက ဝမ်းနည်းစရာကောင်းသည့် အဆုံးသတ်ဖြင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း ထရမ့်က ပြောကြားသည်။

ဟားမတ်စ်က အဆိုပါအစီအစဉ်ကို စက်တင်ဘာ ၂၉ ရက်တွင် လက်ခံရရှိခဲ့ပြီးနောက် ပြည်တွင်းပြည်ပ ညှိနှိုင်းမှုများ စတင်ဆောင်ရွက်ခဲ့သည်။

စစ်ပွဲနှင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများကို ရပ်တန့်ရန် ရည်ရွယ်ချက်ဖြင့် အဆိုပါအစီအစဉ်ကို ဆွေးနွေးမည်ဖြစ်ကြောင်း ဟားမတ်စ်အဖွဲ့က ပြောကြားခဲ့သည်။

ဟားမတ်စ်က အဆိုပါ အစီအစဉ်နှင့် ပတ်သက်၍ ၎င်း၏ ရပ်တည်ချက်ကို မကြာမီ ကြေညာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယခင် အပစ်အခတ်ရပ်စဲရေးညှိနှိုင်းမှုများတွင် အစ္စရေးကာကွယ်ရေးတပ်ဖွဲ့များကို ဂါဇာကမ်းမြောင်မှ အပြီးတိုင် ဆုတ်ခွာပေးရန် ဟားမတ်စ်က တောင်းဆိုခဲ့သည်။

အမေရိကန်၏ငြိမ်းချမ်းရေးအစီအစဉ်တွင် တိုက်ပွဲနေရာများ ပြောင်းလဲမည်မဟုတ်ကြောင်းနှင့် နှစ်ဖက်တပ်များ အပြီးအပိုင်ဖယ်ရှားရန်သဘောတူညီထားသည့် အဆင့်များ မပြီးမချင်း ၎င်းတို့ရှိနေသည့် နေရာတွင် ဆက်လက်ရှိနေရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။



အဆိုပြုချက်ကို ဟားမတ်စ်က မည်သို့ တုံ့ပြန်မည်လဲဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဖူဂျီဆုနှင့် အမေရိကန် တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီ နာဗီဒီယာတို့ ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်

**တိုကျို အောက်တိုဘာ ၃**

ဂျပန်နည်းပညာကုမ္ပဏီ ဖူဂျီဆုနှင့် အမေရိကန် တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီ နာဗီဒီယာတို့က ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဖူဂျီဆုကုမ္ပဏီအကြီးအကဲ တိုကီတာ တာကာဟီတိုနှင့် နာဗီဒီယာ ကုမ္ပဏီအကြီးအကဲ ဂျန်ဆန်ဟောင်တို့က တိုကျိုမြို့၌ ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် အထက်ပါအစီအစဉ်များကို ထုတ်ဖော်ပြောကြားခဲ့သည်။

တစ်ပိုင်းလျှပ်ကူးပစ္စည်းနှင့် ဉာဏ်ရည်တုနည်းပညာသုံး အမျိုးအစားများကို ဖန်တီးရန်အတွက် စက်ရုပ်ထုတ်လုပ်သူများနှင့် ပူးပေါင်းလုပ်ဆောင်ရန်လည်း စီစဉ်ထားကြောင်း ၎င်းတို့က ပြောကြားသည်။

ပိုမိုကောင်းမွန်သော လူ့အဖွဲ့အစည်းကို တည်ဆောက်ရန်အတွက် ဉာဏ်ရည်တုနည်းပညာ၏ အချက်အလက်မျှဝေနိုင်မှုစွမ်းရည်များကို လူသားတို့၏ အဆုံးအဖြတ်နှင့် တီထွင်ဖန်တီးနိုင်မှုတို့နှင့်အတူ ပေါင်းစပ်ရန် မျှော်မှန်းထားကြောင်း ဖူဂျီဆုကုမ္ပဏီအကြီးအကဲ တိုကီတာ တာကာဟီတိုက ပြောကြားခဲ့သည်။

ဉာဏ်ရည်တုနည်းပညာက ယနေ့ခေတ်တွင် အစွမ်းအထက်ဆုံးနည်းပညာတစ်ခုဖြစ်ပြီး အက်ပလီကေးရှင်းအားလုံးကို ၎င်းနည်းပညာနှင့်ပြောင်းလဲနေပြီဖြစ်ကြောင်း နာဗီဒီယာ ကုမ္ပဏီအကြီးအကဲ ဂျန်ဆန်ဟောင်က ပြောကြားသည်။

အလားတူ ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်တွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်သင့်ကြောင်း ၎င်းတို့က ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# ဗီယက်နမ်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်း ဘူအလွိုင်နှင့် ရေကြီးမြေပြိုမှုများကြောင့် ၅၁ ဦး သေဆုံးပြီး ၁၄ ဦး ပျောက်ဆုံးလျက်ရှိ

**ဟနွိုင်း အောက်တိုဘာ ၃**

ဗီယက်နမ်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်း ဘူအလွိုင်နှင့် ရေကြီးမြေပြိုမှုများကြောင့် ၅၁ ဦး သေဆုံးပြီး ၁၄ ဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ဗီယက်နမ် မြောက်ပိုင်းနှင့် အလယ်ပိုင်းတွင် ၁၆၄ ဦး ဒဏ်ရာရရှိကာ ပဏာမ စီးပွားရေးဆုံးရှုံးမှုတန်ဖိုး ဗီယက်နမ် ဒေါင် ၁၅ ဒသမ ၉ ထရီလီယံ (အမေရိကန်ဒေါ်လာ ၆၀၈ သန်းခန့်) ရှိကြောင်း ဗီယက်နမ်သဘာဝဘေးနှင့် ရေကာတာ စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က ယနေ့ ပြောကြားခဲ့သည်။

တိုင်ဖွန်းမုန်တိုင်းကြောင့် အိမ်ခြေ ၂၃၈၀၀၀ ကျော် ပျက်စီးခဲ့ပြီး စပါးနှင့် အခြားကောက်ပဲသီးနှံ ဟက်တာ ၈၉၀၀၀ နီးပါး ရေနစ်မြုပ်ကာ ငါးသားဖောက် ဟက်တာ ၁၇၀၀၀ ကျော်နှင့် သစ်တောဟက်တာ ၅၀၃၀၀ နီးပါး ဆုံးရှုံးခဲ့ရသည်။

အခြေခံအဆောက်အအုံများ ဆိုးရွားစွာ ပျက်စီးခဲ့ပြီး လျှပ်စစ်မီးတိုင် ၈၈၀၀ ကျော် ပြိုကျခဲ့သည်။ အိမ်ထောင်စု ၄၆၈၅၀၀ နီးပါး လျှပ်စစ်မီးပြတ်တောက်ကာ စာသင်ကျောင်း ၁၅၀၀ နီးပါး ပျက်စီးခဲ့သည်။

ဒေသဆိုင်ရာအာဏာပိုင်များက ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေပြီး ပိတ်ဆို့နေသောလမ်းများကိုရှင်းလင်းရန်၊ မရှိမဖြစ်လိုအပ်သောဝန်ဆောင်မှုများ ပြန်လည်ထူထောင်ရန်နှင့် ထိခိုက်ခံစားရသည့်ရပ်ရွာများကို ထောက်ပံ့ရန်အတွက် စက်ပစ္စည်းကိရိယာများ စုဆောင်းနေကြောင်း သိရသည်။

ဝန်ကြီးချုပ် ဖမ်မင်ချင်က အရေးပေါ်ကယ်ဆယ်ရေးအတွက် ဗဟိုဘတ်ဂျက်အရန်မှ ဗီယက်နမ်ဒေါင် ၂ ဒသမ ၅၄ ထရီလီယံ (အမေရိကန်ဒေါ်လာ ၉၆ ဒသမ ၅ သန်းခန့်) တန်ဖိုးရှိထောက်ပံ့ရေးအစီအစဉ်ကို ယမန်နေ့တွင် အတည်ပြုခဲ့ကြောင်း ဗီယက်နမ် သတင်းအေဂျင်စီက ယနေ့ သတင်းဖော်ပြသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# သီရိလင်္ကာအစိုးရက ရပ်ဆိုင်းထားသည့် ကျန်းမာရေးဆိုင်ရာ စီမံကိန်း ၁၇ ခုကို ပြန်လည်စတင်မည်

**ကိုလံဘို အောက်တိုဘာ ၃**

သီရိလင်္ကာအစိုးရက စီးပွားရေးအကျပ်အတည်းကြောင့် ရပ်ဆိုင်းခဲ့သည့် ကျန်းမာရေးဆိုင်ရာ စီမံကိန်း ၁၇ ခုကို ပြန်လည်စတင်မည်ဖြစ်ကြောင်း ယနေ့ ပြောကြားသည်။

အမေရိကန်ဒေါ်လာ ၁၆၃ ဒသမ ၃ သန်းတန်ဖိုးရှိသည့် အဆိုပါ ကျန်းမာရေးဆိုင်ရာစီမံကိန်းများကို စတင်တော့မည်ဖြစ်ကြောင်း ကျန်းမာရေးနှင့်လူထုရေးရာဝန်ကြီး နာလင်ဒါ ဂျာယာတီဆာက ကင်ဒီ အမျိုးသားဆေးရုံ၏ ကင်ဆာကုသရေးဌာန၌ အမျိုးသမီး ကင်ဆာကုသဆောင်ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

အလားတူ ကိုလံဘိုမြို့တော်၌ နှလုံးရောဂါဝေဒနာရှင်များအတွက် ဆေးရုံတစ်ရုံကို အစိုးရက ဆောက်လုပ်မည်ဖြစ်ပြီး သီရိလင်္ကာရူပီး ၁၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၃ သန်းခန့်) ကုန်ကျမည်ဖြစ်ကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အမေရိကန်အစိုးရဌာနများက လက်ရှိအစိုးရလုပ်ငန်းများ ရပ်ဆိုင်းမှုအတွက် ဒီမိုကရက်များကို အပြစ်တင်သည့် မက်ဆေ့ချ်များကို ၎င်းတို့၏ ဝက်ဘ်ဆိုက်များတွင် ပို့စ်တင်ထား

**ဝါရှင်တန် အောက်တိုဘာ ၃**

အမေရိကန်အစိုးရဌာနများက လက်ရှိအစိုးရလုပ်ငန်းများ ရပ်ဆိုင်းမှုအတွက် ဒီမိုကရက်များကို အပြစ်တင်သည့် မက်ဆေ့ချ်များကို ၎င်းတို့၏ ဝက်ဘ်ဆိုက်များတွင် ပို့စ်တင်ထားကြောင်း သိရသည်။

ဥပဒေပြုအမတ်များက အသုံးစရိတ်ဥပဒေမူကြမ်းအသစ်ကို အတည်ပြုရန် ပျက်ကွက်ပြီးနောက် အောက်တိုဘာ ၁ ရက်တွင် အစိုးရ၏လုပ်ငန်းများ ရပ်ဆိုင်းမှု စတင်ခဲ့သည်။ ရီပတ်ဘလစ်ကန်နှင့် ဒီမိုကရက်များက လက်ရှိအစိုးရလုပ်ငန်းများ ရပ်ဆိုင်းခြင်းအတွက် အပြန်အလှန် ပြစ်တင်လျက်ရှိသည်။

ဒီမိုကရက်များက အစိုးရလုပ်ငန်းလည်ပတ်မှုယန္တရားကို ရပ်ဆိုင်းစေရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း အိမ်ဖြူတော်ဝက်ဘ်ဆိုက်တွင် ပို့စ်တင်ထားသည်။

အလားတူ အမေရိကန်စိုက်ပျိုးရေးဌာန ဝက်ဘ်ဆိုက်တွင် အစွန်းရောက်လက်ဝဲဒီမိုကရက်တစ်များကြောင့် ရပ်ဆိုင်းမှုဖြစ်ပွားခြင်းဖြစ်ကြောင်းနှင့် ရန်ပုံငွေပြတ်တောက်နေချိန်အတွင်း ၎င်း၏ဝက်ဘ်ဆိုက်ကို အချက်အလက်အသစ်များ မမျှဝေမည်မဟုတ်ကြောင်း ရေးသားထားသည်။

အစိုးရအဖွဲ့လုပ်ငန်းများ ရပ်ဆိုင်းနေချိန်တွင် ရန်ပုံငွေပြတ်တောက်မှုအခြေအနေနှင့် မည်သည့်ဝန်ဆောင်မှုများရရှိနိုင်မည်မဟုတ်ကြောင်းကို အစိုးရဌာနများက ကြေညာပေးလေ့ရှိသော်လည်း လက်ရှိတွင် မည်သည့်သတင်းအချက်အလက်ကိုမျှ ကြေညာခြင်းမရှိကြောင်း အမေရိကန်မီဒီယာတစ်ခုက ပြောကြားသည်။

ဘတ်ဂျက်အတည်မပြုရသေးသောကြောင့် အစိုးရဌာနအချို့ကို ဖြတ်တောက်ရန် သမ္မတ ဒေါ်နယ်ထရမ့်က အကြံပြုခဲ့သော်လည်း ဒီမိုကရက်များက ယင်းအယူအဆကို ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့သည်။

ပါတီနှစ်ရပ်အကြား ပြင်းထန်သော ထိပ်တိုက်ရင်ဆိုင်မှုကြောင့် ဖြစ်ပေါ်လာသည့် အစိုးရလုပ်ငန်းရပ်ဆိုင်းမှုသည် အချိန်အနည်းငယ်အတွင်း ပြီးဆုံးမည့်အလားအလာမရှိသေးကြောင်း နိုင်ငံရေးသုံးသပ်လေ့လာသူများက ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် နေ့လယ်စာစားပွဲ တက်ရောက်



**မော်လမြိုင် အောက်တိုဘာ ၃**

မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် နေ့လယ်စာစားပွဲကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး ရာမညခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်ကြသည်။

**ပြောကြား**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်သော လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ပြီး နိုင်ငံတော်အတွက် အားထားရသည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာထမ်း၊ အမှုထမ်းများနှင့်အတူ လက်ရည်တစ်ပြင်တည်း နေ့လယ်စာ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



# အသက် ၁၀၃ နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်အား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်

**ပေါင် အောက်တိုဘာ ၃**

မွန်ပြည်နယ် ပေါင်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တပ်သားချစ်လှ(အငြိမ်းစား) (မော်ကွန်းဝင်တတိယအဆင့်)အား ပေါင်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စက်တင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် အသက် ၁၀၃ နှစ်ပြည့် ဂါရဝပြုဂုဏ်ပြုချီးမြှင့်ငွေများ သွားရောက်ပေးအပ်ကြသည်။

**ပေးအပ်**

ဦးစွာ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အသက် ၁၀၃ နှစ်ပြည့် တပ်သားချစ်လှ(အငြိမ်းစား)(မော်ကွန်းဝင်တတိယအဆင့်)အား ဂါရဝပြုနှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ်၊ မွန်ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နှင့် ပေါင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တို့က ပေးအပ်ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့်ငွေများကို ဂါရဝပြုထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပျော်ဘွယ်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ပျော်ဘွယ် အောက်တိုဘာ ၃**

ပျော်ဘွယ်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာစိုးက အမှာစကားပြောကြားပြီး မြို့နယ်ပြည်တွင်းအခွန် ဦးစီးဌာနမှူး ဦးထွန်းစိုးက ပြည်တွင်းအခွန်ဦးစီးဌာနအနေဖြင့် ပြဋ္ဌာန်းထားသည့် အခွန်ဆိုင်ရာဥပဒေများ၊ သတ်မှတ်ထားသည့် အခွန်စည်းကြပ်ငွေများကို ကြည်ဖြူစွာ ပေးဆောင်သွားရန်နှင့် အခွန်ဆိုင်ရာဗဟုသုတများ သိရှိလာစေရန် ရှင်းလင်းဆွေးနွေးသည်။



**ဆွေးနွေးခဲ့**

ထို့နောက် ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်လာသည့် နယ်ပယ်ကဏ္ဍ အသီးသီးမှ လုပ်ငန်းရှင်များက အခွန်ပေးဆောင်မှုနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်ပြည်တွင်းအခွန် ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျိုင်းတုံမြို့၌ အခွန်ပညာပေး ရှင်းလင်းဆွေးနွေး



**ကျိုင်းတုံ အောက်တိုဘာ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ စားသောက်ဆိုင်လုပ်ငန်းရှင်များအား အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာန၌ ယနေ့တွင် ကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် ကျိုင်းတုံမြို့နယ် ပြည်တွင်းအခွန်ဦးစီးဌာနမှူး ဒေါ်ကေသွယ်ကျော်က စားသောက်ဆိုင်လုပ်ငန်းရှင်များအား ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ အကြောင်းသိကောင်းစရာများနှင့် ပြည်တွင်းအခွန်ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် အခွန်အကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် စားသောက်ဆိုင်လုပ်ငန်းရှင်များက သိလိုသည်များ မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**

# အင်္ဂပူမြို့နယ်၌ ချမ်းသာခွေး ငွေစုငွေချေး သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်စည်းဝေး



**အင်္ဂပူ အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် သမဝါယမဦးစီးဌာနရုံး အစည်းဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ချမ်းသာခွေး ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းဝေးပြုလုပ်သည်။

ဦးစွာ ချမ်းသာခွေး ငွေစုငွေချေး သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးကျော်သူနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့ခိုင်တို့က အမှာစကား ပြောကြားသည်။ ထို့နောက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ချမ်းသာခွေး သမဝါယမအသင်းလီမိတက်၏ အသင်းသားစာရင်းစစ်အစီရင်ခံစာအား ဒေါ်သင်းစန္ဒာကဖတ်ကြားပြီး၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ချမ်းသာခွေး သမဝါယမအသင်းလီမိတက်၏ ဘဏ္ဍာရေးလက်ကျန်ရှင်းတမ်းကို ဒေါ်ရွှေဇင်လှိုင်က ဖတ်ကြားသည်။ ထို့နောက် အသင်းသားများအား အသင်းဥက္ကဋ္ဌနှင့် မြို့နယ်ဦးစီးအရာရှိတို့က ဆန်နှင့်စုဆောင်းငွေအတိုးများ ပေးအပ်ရာ အသင်းသားများက လက်ခံရယူသည်။

အဆိုပါအစည်းအဝေးသို့ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့ခိုင်နှင့်ဝန်ထမ်းများ၊ ချမ်းသာခွေး ငွေစုငွေချေးသမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌဦးကျော်သူနှင့်အသင်းသားများ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကန်ကြီးထောင့်မြို့နယ်၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**ကန်ကြီးထောင့် အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနက ကြီးမှူး၍ ဒါးကနယ်မြေအတွင်းရှိ ဈေးဆိုင်ခန်းများအား မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လက်ထောက်မီးသတ်ဦးစီးမှူး ဦးထက်နိုင်ထွန်း ဦးဆောင်၍ တပ်ဖွဲ့ဝင်သုံးဦးနှင့် မြို့နယ်လျှပ်စစ်ဌာနမှ တာဝန်ရှိသူများပူးပေါင်းကာ ဒါးကနယ်မြေအတွင်းရှိ ဈေးရောင်းချနေသော ဆိုင်ပိုင်ရှင်များအား မိမိတို့ဈေးဆိုင်ခန်းတွင် မီးလောင်မှုဖြစ်ပွားပါက အချိန်မီသတင်းပေးပို့ကြရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ လိုက်နာရမည့်အချက်များကို ပြောကြားပြီး မီးဘေးလုံခြုံရေး စစ်ဆေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**❖ ကျောဖုံးမှ**

ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးစသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောင်းသားကျောင်းသူ အနာဂတ်ရင်သွေးငယ်များ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရန်အတွက် ကျောက်မဲမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းဝင်းအတွင်း/အပြင် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ စာသင်ခန်းများအား သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် အခြားလိုအပ်သည်များ ဆောင်ရွက်ပေးသည်။

**ဆောင်ရွက်လျက်ရှိ**

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ စားသောက်နေထိုင်ရေး အဆင်ပြေစေရန်အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့က လှူဒါန်းသော ဆန်အိတ် ၅၀၀၊ ဆီ ပိဿာ ၅၀၀၊ ဆားပိဿာ ၅၀၀ နှင့် စားသောက်ကုန်များ ထပ်မံရောက်ရှိခဲ့ပြီး အဆိုပါ စားသောက်ကုန်များအား ဒေသခံများ လက်ဝယ်အရောက် ဆက်လက်ဖြန့်ဝေပေးမည်ဖြစ်သည်။

၎င်းအပြင် ကျောက်မဲမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး တာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းများ ပထမအကြိမ်ကြေညာ



**မုံ့ရွာ အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌများသည် အောက်တိုဘာ ၃ ရက်က မုံ့ရွာမြို့နယ်၌ ပထမအကြိမ်မဲစာရင်းများကပ်ထားသည့် မုံ့ရွာမြို့ပေါ်ရှိ အောင်ချမ်းသာ၊ ကွေ့ကြီး၊ ရုံးကြီးနှင့် ဆူးလေကုန်း ရပ်ကွက်မဲရုံများသို့ လိုက်လံကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ အဖွဲ့သည် ကွင်းဆင်းစစ်ဆေးခြင်းတွင် ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်ခွဲ တာဝန်ရှိသူများအား ပထမအကြိမ်မဲစာရင်း များကြေညာနိုင်ရေး မဲစာရင်းပုံစံများထုတ်ပေးမည်ဖြစ်ရာ သတ်မှတ် ရက်များအတွင်းကပ်ထားနိုင်ရေး၊ မဲစာရင်းကပ်ထားသည့် နေ့၊ ရက် များ၌ ကြည့်ရှုသူဦးရေ၊ ပုံစံ(၃)၊ ပုံစံ(၄)လျှောက်ထားသူများကို နေ့စဉ် တင်ပြရေးနှင့် နေရပ်စွန့်ခွာပြည်သူများ ဆန္ဒမဲပေးနိုင်ရေးအခြေအနေ များကို စနစ်တကျဆောင်ရွက်ရန်မှာကြားခဲ့ကြောင်းနှင့်၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မုံ့ရွာမြို့ပေါ်ရပ်ကွက်တွင် ၈၇ ရုံနှင့် ကျေးရွာနှစ်ရွာတွင် မဲရုံနှစ်ရုံရှိ ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



**လှည်းကူး အောက်တိုဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာများတွင် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက စတင်ပြီးကပ်ထားကြေညာလျက်ရှိရာ ပြည်သူ များလာရောက်ကြည့်ရှုလျက်ရှိကြောင်း သိရသည်။

လှည်းကူးမြို့နယ်တွင် ရပ်ကွက် ငါးရပ်ကွက်၊ ကျေးရွာအုပ်စု ၅၂ အုပ်စုတို့တွင် အဆိုပါမဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာခြင်း များကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ ကြေညာထားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**ရန်ကုန် အောက်တိုဘာ ၃**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ ပြည်သူများ၏ မဲစာရင်းများကို ပထမအကြိမ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်းရှိ ရပ်ကွက်များအလိုက် ကပ်ထားကြေညာလျက်ရှိရာ အောက်တိုဘာ ၂ ရက်က မဲစာရင်းကပ် ထားကြေညာထားရှိမှုနှင့် ပြည်သူများလာရောက်ကြည့်ရှုမှုအခြေအနေ များကို တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုသည်။

အင်းစိန်မြို့နယ်အတွင်း ရပ်ကွက် ၂၁ ရပ်ကွက်ရှိရာ မဲစာရင်းများ ကပ်ထားကြေညာထားရှိသည့် ရပ်ကွက်ရုံးများသို့ မြို့နယ်စီမံခန့်ခွဲရေး နှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လှည့်လည် ကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဇင်မင်းထိုက်(ပြန်/ဆက်)**



**ပေါင် အောက်တိုဘာ ၃**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲလုပ်ငန်းများ ကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် မဲစာရင်းများ ကပ်ထား သည့်နေရာများကို အောက်တိုဘာ ၃ ရက်က သတ်မှတ်ရပ်ကွက်/ ကျေးရွာများသို့ တာဝန်ရှိသူများက လိုက်လံကွင်းဆင်းစစ်ဆေးခဲ့ကြ သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစံလှဘော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် သက်ဆိုင်ရာရပ်ကွက်များသို့ ပထမ အကြိမ်မဲစာရင်းကပ်ထားကြေညာထားမှု ပြည်သူများလာရောက် ကြည့်ရှုနေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**



**တွံတေး အောက်တိုဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အတွက် မဲစာရင်းများအား ပထမအကြိမ် ကပ်ထားကြေညာခြင်းကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းမှစတင်၍ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် စတင်ကြေညာထားရာ အောက်တိုဘာ ၃ ရက်တွင်လည်း ပြည်သူများလာရောက်ကြည့်ရှုလျက်ရှိသည်။

တွံတေးမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၇၃ အုပ်စုတွင် မဲရုံပေါင်း ၂၂၀ ရှိပြီး ပထမအကြိမ် မဲဆန္ဒရှင်ပြည်သူစာရင်းမှာ ၂၁၂၀၁၂ ဦးရှိကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**



**ရန်ကင်း အောက်တိုဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ လတွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲပေးနိုင်ရန် မဲဆန္ဒရှင်စာရင်းများ ပထမအကြိမ် ကပ်ထားကြေညာ ခြင်းကို သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများတွင် စက်တင်ဘာ ၃၀ ရက်မှစတင်ပြီး ကပ်ထားကြေညာထားပြီးဖြစ် သည်။

အဆိုပါထုတ်ပြန်ကြေညာထားသော မဲဆန္ဒရှင်စာရင်းများတွင် ရန်ကင်းမြို့နယ်အတွင်း ရပ်ကွက်/ ကျေးရွာများရှိ မဲပေးပိုင်ခွင့်ရှိသူ အမျိုးသား ၁၈၀၅၈ ဦး၊ အမျိုးသမီး ၂၁၄၅၆ ဦး စုစုပေါင်း ၃၉၅၁၄ ဦးရှိကြောင်း သိရသည်။ **လှလှထွေး(ပြန်/ဆက်)**



**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်အတွင်း မဲဆန္ဒပေးပိုင် ခွင့်ရှိသူများ၏ ပထမအကြိမ်မဲစာရင်းကို ရပ်ကွက်ကော်မရှင်ရုံးများ ၌ အောက်တိုဘာ ၁ ရက်မှစတင်၍ကပ်ထားပြီးဖြစ်သည်။ မဲစာရင်းများ ကပ်ထားရာသို့ အလုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းသိန်းနှင့် ကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲကိုကိုနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အောက်တိုဘာ ၃ ရက် နံနက်ကလိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ အလုံမြို့နယ်အတွင်း၌ ရပ်ကွက် ၁၁ ရပ်ကွက်ရှိပြီး မဲပေးပိုင်ခွင့်ရှိသူ ပေါင်း ၂၅၉၅၂ ဦးရှိကြောင်း သိရသည်။ **သျှင်ဝင်းသျှင်**



ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၈)ရပ်ကွက်တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင် စာရင်းကြေညာမှုအား အောက်တိုဘာ ၃ ရက်တွင် ပြည်သူများ လာရောက်ကြည့်ရှုစဉ်။ **ကျော်စိုးမိုး**

---

**❂ အာရှဖလားမှ**

နိုင်ငံခြားသားကစားသမားများဖြင့် ဖွဲ့စည်းထားသည့် MNL All Stars အသင်းနှင့် ခြေစမ်းကစားရာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် ပဏာမ ကစားသမားများအဖြစ် ဂိုးသမား-ဇင်ညီညီအောင်၊ ဆန်းဆက်နိုင် (ရန်ကုန်ယူနိုက်တက်)၊ ပြည့်ဖြိုး အောင် (ဟံသာဝတီယူနိုက်တက်)၊ နောက်တန်း-ဟိန်းဖြိုးဝင်း၊ နန္ဒကျော်၊ အောင်ဝဏ္ဏစိုး၊ ဖွဲခန့်မင်း၊ ရဲမင်းသူ၊ သက်ဟိန်းစိုး (ရှမ်းယူနိုက်တက်)၊ သီဟ ထက်အောင် (ပတ်တာနီ-ထိုင်း)၊ ဟိန်းဇေယျာလင်း၊ လတ်ဝေဘုန်း (ရန်ကုန်ယူနိုက်တက်)၊ စိုးမိုးကျော် (အူထိုင်းထာနီ-ထိုင်း)၊ အလယ်တန်း-လွင်မိုးအောင် (မာဟာဆာရာခမ်-ထိုင်း)၊ ရန်နိုင်ဦး၊ ရဲရင့်ဖြိုး (ဒဂုံစတားယူနိုက်တက်)၊ ကျော်မင်းဦး (တီရန်ဂါနူး-မလေးရှား)၊ ရဲရင့်အောင်၊ ခွန်ကျော်ဇင်ဟိန်း (ရှမ်းယူနိုက်တက်)၊ သီဟဇော် (အသင်းလက်မဲ့)၊ ဟိန်းထက်အောင် (ကီလန်တန်-မလေးရှား)၊ မောင်မောင်လွင် (လမ်ဖွန်ဝါရီယာ-ထိုင်း)၊ ရှေ့တန်း-သန်းပိုင် (ထရတ်-ထိုင်း)နှင့် ဝင်းနိုင်ထွန်း (ရန်ကုန်စီးတီး) တို့ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလား တတိယအဆင့် ခြေစစ်ပွဲ အုပ်စုပွဲအဖြစ် ဆီးရီးယားအသင်းနှင့် နှစ်ကျော့ကစားရမည်ဖြစ်ပြီး အောက်တိုဘာ ၉ ရက်တွင် အဝေးကွင်း၊ အောက်တိုဘာ ၁၄ ရက်တွင် အိမ်ကွင်းကစားရမည်ဖြစ်သည်။ ဆီးရီးယားအသင်းသည် အိမ်ကွင်း လက်ခံကျင်းပနိုင်ခြင်းမရှိသဖြင့် အိမ်ကွင်းပွဲများကို ဆော်ဒီအာရေဗျနိုင်ငံ၌ လက်ခံကစားလျက်ရှိသည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MFF**

■



## ပုသိမ်မြို့ စက်တော်ရာဘိုးဘွားရိပ်သာ၌ ငလျင်ဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ပုသိမ် အောက်တိုဘာ ၃

ပုသိမ်မြို့ စက်တော်ရာဘိုးဘွားရိပ်သာ၌ ဧရာဝတီတိုင်းဒေသကြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနက ဦးဆောင်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းကာ ငလျင်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများကို ယနေ့နံနက် ၉ နာရီက ဆောင်ရွက်သည်။

ဦးစွာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးက ငလျင်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များနှင့် ဆောင်ရန်/ရှောင်ရန်အချက်များကို ဆွေးနွေး ဟောပြောပြီး မှတ်တမ်းဗီဒီယိုပြသခြင်း၊ လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ဆောင်ရွက်သည်။

ထို့နောက် ငလျင်ဘေးကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်မှုအဖြစ် ငလျင်ဘေးကြောင့် ထိခိုက်ဒဏ်ရာရလူနာများအား ခရိုင်/မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဂေဟာဝန်ထမ်းများက ကူညီကယ်ဆယ်ရွှေ့ပြောင်းပေးခဲ့ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ထိခိုက်လူနာများအား ပြုစုကုသပေးခြင်းနှင့် ဒဏ်ရာရသူများအား အရေးပေါ်ယာဉ်ဖြင့် ပို့ဆောင်ပေးခြင်းများကို လေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## သဲကုန်းမြို့နယ်၌ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆွေးနွေး

သဲကုန်း အောက်တိုဘာ ၃

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်တွင် ဒေသခံတောင်သူများအနေဖြင့် ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များစိုက်ပျိုးရာတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်စေရန်နှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရန် နည်းပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောပြည့်စုံက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဝင်းက တောင်သူများ သီးနှံများစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးကြရန်၊ စိုက်ပျိုးသီးနှံများတွင်လည်း ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးအတွက် ပိုးသတ်ဆေးများကို စနစ်တကျသုံးစွဲကြရန်၊ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် နည်းပညာများ၊ အင်းဆက်ဖျက်ပိုးများ၊ သီးနှံရောဂါများနှင့် သီးနှံဖျက်ပေါင်းပင်များအား ဘက်စုံကာကွယ်ရေးနည်းလမ်းများအသုံးပြု၍ ကာကွယ်နှိမ်နင်းနည်းများ၊ မြေဆီလွှာပြုပြင်မှုနည်းလမ်းများ၊ သဘာဝမြေသြဇာကို တောင်သူများ ကိုယ်တိုင်ပြုလုပ်သုံးစွဲရန်နှင့် ဓာတ်မြေသြဇာများကို အကျိုးရှိစွာအသုံးပြုကြရန် ရှင်းလင်းပြောကြားဆွေးနွေးသည်။ ဆက်လက်၍ ဒုတိယဦးစီးမှူး ဒေါ်ဝေဝေသန်းက ပိုးသတ်ဆေး ကိုင်တွယ်သုံးစွဲခြင်း၏ ဥပဒေ/ နည်းဥပဒေ၊ ပုဒ်မများ၊ လိုက်နာရမည့်စည်းကမ်းများနှင့် နည်းလမ်းများအား ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မော်လမြိုင်မြို့နယ်၌ ရွှေဆိုင်လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာပညာပေးဆွေးနွေး

မော်လမြိုင် အောက်တိုဘာ ၃

ပြည်တွင်းအခွန်များဦးစီးဌာန မော်လမြိုင်မြို့ရှိ ရွှေဆိုင်လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာပညာပေး ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို မြို့နယ်အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့နှင့်အတူ ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ငွေမိုးဟိုတယ်၌ ပြုလုပ်သည်။

အခွန်ဆိုင်ရာပညာပေးရှင်းလင်းပွဲတွင် မွန်ပြည်နယ်အခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးဂျွန်စိန်ဂီက ရွှေဆိုင်လုပ်ငန်းရှင်များအား ရွှေစင်၊ ရွှေတုံးများ(စံချိန်မီရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ)နှင့်ရွှေထည်လက်ဝတ်ရတနာများရောင်းရငွေအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာသိကောင်းစရာများကို Power Point ဖြင့် အသေးစိတ်



ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အခွန်ပညာပေးရှင်းလင်းပွဲသို့ ရွှေဆိုင်လုပ်ငန်းရှင်များ စုစုပေါင်း ၁၅၀ တက်ရောက်ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

## ပြည်မြို့နယ်၌ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်စေရေးနှင့်ပန်းတိုင်အထွက်နှုန်းရရှိစေရေး နည်းပညာဆွေးနွေး

ပြည် အောက်တိုဘာ ၃

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများ ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်စေရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် နည်းပညာဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီက (ဇီးအုပ်) တောင်သူပညာပေးရေ့တန်းစခန်း၌ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

ဆွေးနွေးပွဲတွင် ပြည်ခရိုင်စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်က ပြည်ပ ပို့ကုန်သီးနှံထုတ်ကုန်များ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်စေရေး အားလုံးပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ပြည်ခရိုင်ဦးစီးမှူး ဦးအောင်စိုးမိုးက ဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ခရိုင် သီးနှံကာကွယ်ရေး/မျိုး/မြေ တာဝန်ခံက ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဆောင်ရွက်ရမည့်အချက်များ၊ သီးနှံများတွင် ကျရောက်တတ်သော ပိုးမွှားနှင့် ရောဂါများအတွက် ဘက်စုံကာကွယ်နှိမ်နင်းရေး နည်းလမ်းများအသုံးပြု၍ ကာကွယ်နှိမ်နင်းနည်းများ၊ ပိုးသတ်ဆေးရွေးချယ်မှုမှန်ကန်စေရေးနှင့် စနစ်တကျကိုင်တွယ် သုံးစွဲနည်းများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မအူပင်မြို့၌ ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေး

မအူပင် အောက်တိုဘာ ၃

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက မအူပင်မြို့ အမှတ် ၄ ရပ်ကွက်ရှိ တိုးရွှေဝါခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မအူပင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ



ဦးမြင့်နိုင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူးဦးဇော်လင်းက ဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်များနှင့် ဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဘာသာရပ်ဆိုင်ရာပညာရှင်များက သီးနှံရောဂါများကို ဘက်စုံကာကွယ်ရေးနည်းလမ်းများအသုံးပြု၍ ကာကွယ်နှိမ်နင်းနည်းများ၊ အင်းဆက်ဖျက်ပိုးများကို ဘက်စုံကာကွယ်ရေးနည်းလမ်းများ အသုံးပြု၍ ကာကွယ်နှိမ်နင်းနည်းများ၊ သီးနှံဖျက်ပေါင်းပင်များအား ဘက်စုံကာကွယ်ရေးနည်းလမ်းများအသုံးပြု၍ ကာကွယ်နှိမ်နင်းနည်းများ၊ ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် မျိုးကောင်းမျိုးသန့်သုံးစွဲရေးနှင့် မြေဆီလွှာစီမံခန့်ခွဲမှုနည်းလမ်းများနှင့် ဓာတ်မြေသြဇာစနစ်တကျအသုံးပြုနည်းများကို ပညာပေးဆွေးနွေးခဲ့ကြရာ တက်ရောက်လာသည့်တောင်သူများက သိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်မြတ် (ပြန်/ဆက်)**

**❍ ခရစ္စတယ်ပဲလေ့စ်မှ**

ဆွတ်ခူးနိုင်ခဲ့တာကြောင့် ယူအီးအက်ဖ်အေကွန်းဖရန့်လိဂ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကစားခွင့် ရရှိခဲ့တာဖြစ်ပါတယ်။

အခု ဒိုင်နမိုကိဗ်အသင်းကို အနိုင်ရရှိခဲ့ပြီဖြစ်တာကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်းအနေနဲ့ ဧပြီ ၁၆ ရက်နောက်ပိုင်း ရှုံးပွဲမရှိစံချိန်တင်ခဲ့တာလည်းဖြစ်ပါတယ်။ ခရစ္စတယ်ပဲလေ့စ်အသင်းဟာ ဧပြီ ၁၆ ရက်က နယူးကာဆယ်အသင်းကို ငါးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ခြင်းဟာ နောက်ဆုံးရှုံးပွဲကြုံခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူ လူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက် ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ကန့်ကွက်နိုင်ကြောင်းကြေငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊ လူနေရပ်ကွက်အမှတ်(၁၃)၊မြေကွက်အမှတ်(၁၃)၊အကျယ်အဝန်း(၁.၈၈၉)ဧကရှိ မြေပိုင်မြေကွက်ကြီးကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးလှကြည်က (HK အိမ်ယာမြေကွက်)ဖော်ထုတ်၍တရားဝင်ခွဲစိတ်ထားသည့် မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊မြေကွက်အမှတ်(၁၃/ F)၊ မြေဧရိယာ (၃၅–ပေ× ၆၂.၆ပေ)၊(၀.၀၅၀)ဧကရန်းပေအကျယ်အဝန်းရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်တည်ရှိရာ လှိုင်မြို့နယ်၊(၇)ရပ်ကွက်၊မယ်ဒီကန်းလမ်း၊ အမှတ်(၆၃၃/ F) ဟုခေါ်တွင်သည့် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးလှကြည် (၁၂/ပဘတ(နိုင်)၀၁၄၃၅၁)ကတရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်းဝန်ခံသဖြင့် ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေ ထားပြီးဖြစ်ပါသည်။

အထက်အပိုဒ်ပါမြေနှင့်အဆောက်အဦးအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ အကျိုးခံစားခွင့်၊ ပိုင်ဆိုင်ခွင့် ရှိကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမှုရင်းများ၊ အထောက်အထားများဖြင့် ကန့်ကွက်မည့်သူ ကိုယ်တိုင် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားလိမ့်မည်ဖြစ်ကြောင်း ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းနိုင်ဦး(LL.B)
(စဉ်–၇၄၆၈/ ၂၀၀၇)
တရားလွှတ်တော်ရှေ့နေ
အမှတ်–၉၊အခန်း–၅၊စေတနာလမ်း၊ကမာရွတ်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၃၃၂၁၉

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**( တရားမကျင့်ထုံးဥပဒေအမိန့်– ၅၊ နည်းဥပဒေ– ၂၀ )**

**မော်လမြိုင်ခရိုင်တရားရုံးတော်**

**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်၊ ၅၈**

| | | |
|---|---|---|
| ၁။ ဦးအောင်မြင့်မြတ် | နှင့် | ၁။ ဦးဝင်းသန်း |
| ၂။ ဒေါ်နီလာဝင်း | | ၂။ ဒေါ်တင်ရီ |
| | | ၃။ ဒေါ်အေးသိန်း |
| | | ၄။ ဒေါ်အုံးညွန့် |
| | | ၅။ ဒေါ်နွဲ့နွဲ့စန်း |
| | | ၆။ ဒေါ်တင်တင်ညို |
| | | (ခ)ဒေါ်သန်းသန်းဆင့် |
| | | ၇။ ဒေါ်ဝင်းဝင်းခိုင် |
| **တရားလိုများ** | | **တရားပြိုင်များ** |

မော်လမြိုင်မြို့၊ ကွင်းရပ် ရပ်ကွက်၊ ယုဇနလမ်း(အောက်ပိုင်း)၊ ရေကန်ချောင်နေ ဒေါ်တင်ရီ၊ ဒေါ်နွဲ့နွဲ့စန်း၊ ဒေါ်တင်တင်ညို (ခ) ဒေါ်သန်းသန်းဆင့်၊ ဒေါ်ဝင်းဝင်းခိုင် (ယခုနေရပ်လိပ်စာမသိ) တို့အား သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးအောင်မြင့်မြတ်နှင့် ဒေါ်နီလာဝင်း တို့က "အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလိုတို့၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့ မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုတို့က ကြည့်ရှုလိုသည့် စာမှတ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( အောင်သိန်းဦး )**
**ခရိုင်တရားသူကြီး**
**မော်လမြိုင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၅)၊ အောင်မင်္ဂလာလမ်း၊ မြေကွက်အမှတ်(၁၅၀၄/ခ)ရှိ (ပေ ၂၀ x ပေ ၆၀) အကျယ်အဝန်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးဇော်ဝင်းထွေး (မှတ်ပုံတင်အမှတ်–[၁၂/မရက (နိုင်)၀၈၅၃၈၀]) အမည်ဖြင့် မှတ်သားတည်ရှိသော မြေချပါမစ်မူရင်းမြေကွက်အား အဆက်အစပ်စာချုပ်များဖြင့် ပိုင်ဆိုင်သူ ဒေါ်မြအေး၏သားသမီးများဖြစ်ကြသော ဦးအောင်မြတ်သူ၊ ဒေါ်ခင်မြတ်မွန်၊ မောင်ကောင်းမြတ်သူတို့မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးဆန်မောင် [၁၂/ဥကတ(နိုင်)၀၄၄၁၆၅] မှဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းမြအေး(LLB,D.B.L)**
**အထက်တန်းရှေ့နေ (စဉ်–၃၀၂၈၅)**
**အမှတ်(၁၁၇၇)၊ အောင်ဇေယျလမ်း၊ (၅၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၇၈၀၀၄၁၄၉၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ ရာဇကုမ္မာလမ်း၊ မြေကွက်အမှတ်(၁၁၁၃/က)၊ ဧရိယာအကျယ်(၂၀x၆၀)ပေရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနနှင့် မြေချပါမစ်တို့တွင် ဦးတင်စိုး (KTO–၁၀၇၅၉၁) အမည်ပေါက်မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ထံမှ အရောင်းအဝယ်အရပ်ကတိ ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်ဝင်းမြင့် [၁၂/ဒဂရ(နိုင်)၀၀၀၀၀၆]မှ အဆိုပါမြေကွက်အား မိမိသာလျှင် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါရှိသည့်နေ့စ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြည်ဖြူသန့် (LL.B) အထက်တန်းရှေ့နေ (စဉ်–၅၃၆၂၁)**
**၀၉–၉၆၇၆၂၆၈၁၂**

## ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်တိုင်းဒေသကြီး၊ ယခင်(ဒဂုံမြို့သစ်–မြောက်ပိုင်း)မြို့နယ်၊ ယခု(ဒဂုံမြို့သစ်–အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–(၁၃)၊ မြေကွက်အမှတ်–၉၇၈၊ မြေဧရိယာ–(၂၄၀၀ စ/ပေ)ကျယ် ဦးအောင်ကြည် (HZA–၂၁၃၄၃၂)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်မှ တရားဝင်မခွဲမစိတ်ရသေးသော (၁၃)ရပ်ကွက်၊ မြေတိုင်း(၃)လမ်း၊ အမှတ်–၉၇၈/ခ ဟုခေါ်တွင်သည့် အကျယ်(၁၈ x ၆၀) ပေကျယ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်** အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ၎င်းပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ **ဒေါ်မြင့်မြင့်ကြည် [၁၄/ဟသတ(နိုင်)၁၀၆၈၆၄]** ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ဖြူဖြူစိုး [၆/လလန(နိုင်)၁၃၃၁၁၀] ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုမြတ်ငြိမ်း(LL.B,DIPL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၂၉၆)**
**အမှတ်–၃၂၈(ဒုတိယထပ်)၊ မင်းရဲကျော်စွာလမ်း၊ ကြီးပွားရေးရပ်ကွက်(မြောက်ပိုင်း)၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၂၅၈၇၆၅၁၃၄**

**ဖော်ပြပါ မြေကွက်များအား မြေငှားစာချုပ်ပြုလုပ်ပေးပါရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက (၁၅)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် မြေယာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ် (၄၀) နေပြည်တော်သို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည် –**

| စဉ် | မြို့နယ် | မြေတိုင်း | မြေကွက် | အိမ်ရာစီမံကိန်း | လျှောက်ထားသူအမည် | မှတ်ပုံတင်အမှတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | လှိုင်သာယာ | ၇ | ၆၂၇/၇၄ | ပိတောက်ဥယျာဉ် | ဦးမျိုးမင်းကျော်၊<br>ဒေါ်မျိုးသန္တာကျော်၊<br>ဒေါ်စိန်ကြူး | [၁၂/အလန(နိုင်)၀၄၅၇၉၇]၊<br>[၁၂/အလန(နိုင်)၀၄၅၈၆၃]၊<br>[၁၂/လမတ(နိုင်)၀၀၈၈၅၈] | |
| ၂ | လှိုင်သာယာ | ၇ | ၆၂၇/၇၅ | ပိတောက်ဥယျာဉ် | Digibridge Company Limited | 103041619 | |
| ၃ | လှိုင်သာယာ | ၇ | ၆၂၇/၉၂ | ပိတောက်ဥယျာဉ် | ဦးဟန်လင်းအောင်၊<br>ဒေါ်မော်မော်မင်း | [၁၃/တကန(နိုင်)၁၉၉၀၄၅]၊<br>[၁၂/လသန(နိုင်)၀၂၁၇၄၇] | |
| ၄ | လှိုင်သာယာ | ၇ | ၆၂၇/၉၃ | ပိတောက်ဥယျာဉ် | ဦးမင်းဆန်း | [၁၄/ပသန(နိုင်)၁၁၇၆၅၀] | |
| ၅ | လှိုင်သာယာ | ၇ | ၆၂၇/၉၄ | ပိတောက်ဥယျာဉ် | ဦးမင်းမြတ်စိုး | [၁၂/လသန(နိုင်)၀၂၁၂၆၄ | |
| ၆ | လှိုင်သာယာ | ၇ | ၆၂၇/၉၅ | ပိတောက်ဥယျာဉ် | ဒေါ်လွင်လွင်ခိုင်၊<br>ဒေါ်နှင်းရတီထွန်း | [၁၂/အစန(နိုင်)၁၅၉၈၃၃၊<br>[၁၂/ကမရ(နိုင်)၀၇၁၆၁၃] | |
| ၇ | လှိုင်သာယာ | ၇ | ၆၂၇/၉၆ | ပိတောက်ဥယျာဉ် | ဦးဖုန်းမင်းရွှေ | [၉/ကပတ(နိုင်)၀၀၀၂၁၀] | |
| ၈ | လှိုင်သာယာ | ၇ | ၆၂၇/၉၇ | ပိတောက်ဥယျာဉ် | ဒေါ်သန္တာဆွေ (ခ) သဲသဲ | [၁၂/လသန(နိုင်)၀၁၄၉၀၉] | |
| ၉ | လှိုင်သာယာ | ၇ | ၆၂၇/၉၈ | ပိတောက်ဥယျာဉ် | ဦးအောင်ကိုကိုသက် | [၁၂/လသန(နိုင်)၀၀၀၀၄၈] | |
| ၁၀ | လှိုင်သာယာ | ၇ | ၆၂၇/၉၉ | ပိတောက်ဥယျာဉ် | ဒေါ်ဖြူဖြူနှင်း၊<br>ဦးစည်သူအောင်၊<br>ဦးလွင်ဖြိုးသန့် | [၉/မရတ(နိုင်)၁၀၇၆၈၉]၊<br>[၉/မထလ(နိုင်)၂၈၂၉၀၉]၊<br>[၉/မထလ(နိုင်) ၃၀၁၇၉၁] | |
| ၁၁ | လှိုင်သာယာ | ၇ | ၆၂၇/၁၀၀ | ပိတောက်ဥယျာဉ် | ဒေါ်ဦး၊<br>ဦးဟန်မင်းသန့်၊<br>ဒေါ်ဖြူသန္တာကျော် | [၇/ကတခ(ပြု)၀၀၀၀၅၀]၊<br>[၇/ကတခ(ပြု)၀၁၅၀၈၅]၊<br>[၁၂/စခန(ပြု)၀၀၀၀၆၁] | |
| ၁၂ | လှိုင်သာယာ | ၇ | ၆၂၇/၁၀၁ | ပိတောက်ဥယျာဉ် | ဦးဟန်လင်းလွင် | [၁၂/လမတ(နိုင်)၀၃၀၄၃၂] | |
| ၁၃ | လှိုင်သာယာ | ၇ | ၆၂၇/၁၀၂ | ပိတောက်ဥယျာဉ် | ဒေါ်ယဉ်ယဉ်သိမ်း | [၁၂/မဂတ(နိုင်)၀၈၁၅၇၉] | |
| ၁၄ | လှိုင်သာယာ | ၇ | ၆၂၇/၁၀၃ | ပိတောက်ဥယျာဉ် | ဦးထွန်းထွန်းဦး | [၁၂/ကမရ(နိုင်)၀၁၅၄၀၂] | |
| ၁၅ | လှိုင်သာယာ | ၇ | ၆၂၇/၁၀၄ | ပိတောက်ဥယျာဉ် | ဒေါ်တင်တင်ဝင်း | [၁၂/ကမရ(နိုင်)၀၁၅၁၅၇] | |
| ၁၆ | လှိုင်သာယာ | ၇ | ၆၂၇/၁၀၅ | ပိတောက်ဥယျာဉ် | ဒေါ်လီကျားဖင် | [၁၃/လကန(နိုင်)၀၀၅၂၃၆] | |
| ၁၇ | လှိုင်သာယာ | ၇ | ၆၂၇/၁၀၆ | ပိတောက်ဥယျာဉ် | ဒေါ်လီ | [၁၃/တကန(နိုင်)၁၁၈၂၄၈] | |
| ၁၈ | လှိုင်သာယာ | ၇ | ၆၂၇/၁၀၇ | ပိတောက်ဥယျာဉ် | ဦးလင်းမိုးမြင့်၊<br>ဒေါ်ဝင်းစံဖြူ | [၅/ရဘန(နိုင်)၁၃၀၃၄၄]၊<br>[၁၂/မဂတ(နိုင်)၀၉၅၄၇၆] | |

**မြေယာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်**

## ဖခင်အမည်မှန်

မန္တလေးတိုင်း ဒေသကြီး၊ မိတ္ထီလာမြို့၊ အ.ထ.က ညောင်ကိုင်း Grade –11 တွင် ပညာသင်ကြားနေသော မောင်အောင်ဘုန်းမြင့်၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇော်ဦး [၁၂/ဥကမ(နိုင်) ၁၅၃၃၈၆] ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စစ–၃)၊ ဦးပိုင်အမှတ်–၈၁/၅၇x၅၈ ကြား၊ ၁၀၅x ၁၀၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ရင်ရင်မြင့် [၉/မနမ(နိုင်) ၀၁၉၂၆၄]က အမှုတွဲအမှတ်(၂၈၂၁/ ၂၀၂၅–၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ် စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၆)၊ ဦးပိုင်အမှတ်–၅၁–က/၃၉x၄၀လမ်းကြား၊ ၅၇x ၅၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးရဲထွန်း [၉/မရမ(နိုင်)၀၇၉၄၄၆] က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်–၂ ရပ်ကွက်၊ အကွက်အမှတ်– ပ–၂၊ ဦးပိုင်အမှတ်–၉၈–က/လမ်း၆၀၊ ၄၀x ၄၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်တင်လင်းထက် [၉/ခအဇ (နိုင်) ၀၁၄၆၃၀] က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## MMTGW COMPANY LIMITED

## မတည်ငွေရင်းလျှော့ချပြီးဖြစ်ကြောင်းကြေညာခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇)၊ ပုဒ်မ (၁၁၆)(င)၊ ပုဒ်မခွဲ (၂) အရ MMTGW COMPANY LIMITED မတည်ငွေရင်းလျှော့ချခြင်းနှင့်ပတ်သက်၍ (၁၀–၀၉–၂၀၂၅)ရက် အစုရှယ်ယာရှင်များ၏ အတည်ပြုကျင်းပပြုလုပ်ခဲ့သည့် အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီစတင်တည်ထောင်ချိန်မှ မူလထုတ်ဝေခဲ့သည့် ကုမ္ပဏီ မတည်ငွေရင်း ကျပ် ၂၀၀,၀၀၀,၀၀၀/– (ကျပ်သိန်းနှစ်ထောင်တိတိ) မှ ယခု ကျပ် ၁၀,၀၀၀,၀၀၀/– (ကျပ်သိန်းတစ်ရာတိတိ)သို့ လျှော့ချပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒါရိုက်တာများအဖွဲ့**
**MMTGW COMPANY LIMITED**
**အမှတ်–၁၄၉၊ (၄၆) လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**၀၉ – ၅၀၁၀၀၇၄၆**
**ရက်စွဲ။ ။ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁/ထူပါရုံ၊ မြေကွက်အမှတ်၊ ၁၅၀၀/ခ၊ ဧရိယာ(၂၀'x၆၀') မြေကွက် တည်နေရာအမှတ် (၁၅၀၀/ခ)၊ ၁/ထူပါရုံ(၁၄)လမ်း၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ရီရီတင် (TKA–၀၁၉၆၆၅)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဦးစိန်ထွန်း၊ ဒေါ်ခင်မြတ်မော်တို့မှ တရားလို ပြုလုပ်၍ ဒေါ်ရီရီတင်အား တရားပြိုင်ထားကာ သာကေတမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်–၂/၂၀၂၅ ဖြင့် ကတိပဋိညာဉ်အတိုင်း အရောင်းမှတ်ပုံတင်စာချုပ် ချုပ်ဆိုသည်အထိ ဆောင်ရွက်ပေးစေလိုမှုအပေါ် အနိုင်ဒီကရီချမှတ်သည့် (၇–၄–၂၀၂၅)ရက်စွဲပါစီရင်ချက်၊ တာဝန်ခံ မိတ္တူမှန်၊ တရားမဇာရီမှုအမှတ်–၄၁/၂၀၂၅ ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် (၁၂–၆–၂၀၂၅) ရက်စွဲပါ တရားရုံးနေ့စဉ်တာဝန်ခံမိတ္တူမှန်၊ ထုံးပုံကျအပြီးသတ်အမိန့်၊ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရာတွင် တရားရှုံးကိုယ်စား တရားရုံးအရာရှိအဖြစ် ဘီလစ် ဒေါ်မိုးပပမျိုး [၁၂/ဥကတ(နိုင်)၁၄၈၈၅၇]က လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ဌာနသို့ အကြောင်းကြားသည့်စာ၊ ဘီလစ်ခန့်စာ၊ ဂရန်မူရင်းတို့တင်ပြ၍ တရားရုံးဘီလစ် ဒေါ်မိုးပပမျိုးမှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၁ နှင့် ၅ )**

**သန်လျင်ခရိုင်တရားရုံးတော်၌**

**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၄၀**

| | | |
|---|---|---|
| ဦးအောင်ကျော်ဦး | နှင့် | ဒေါ်ညွန့်ညွန့်မေ(ခ)နာဂစ် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ် (C/၁၈)နေ တရားပြိုင် ဒေါ်ညွန့်ညွန့်မေ(ခ)နာဂစ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက် (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၀ ရက်နေ့ )နေ့ မွန်းမတည့်မီ နံနက် (၁၀း၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင်၏မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်မာဦး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**သန်လျင်ခရိုင်တရားရုံး**

## " အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လှော်ကား၊ ဓမ္မိကာရုံ (၁)လမ်း၊ စမ်းချောင်းကလေးကျေးရွာ၊ အမှတ် (–) ဟုခေါ်တွင်သော မြေအကျယ်အဝန်း (၁၅)ပေx(၅၅)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အဦ အပါအဝင် အဆိုပါနေအိမ်တွင် တပ်ဆင်ထားရှိသော လျှပ်စစ်မီတာ၊ ရေ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးကို ကျွန်ုပ်မိတ်ဆွေ ဒေါ်မာမာ [၁၂/အစန(နိုင်)၂၆၀၁၁၇]က (၂–၉–၂၀၂၅) ရက်နေ့တွင် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လှလှဝင်း [၁၀/ခစန(နိုင်) ၀၄၇၅၉၆] ထံမှ ဝယ်ယူကာ လက်ရှိထား ပိုင်ဆိုင်လျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်မာမာ [၁၂/အစန(နိုင်)၂၆၀၁၁၇] ၏လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးအောင်စံမြင့် (LL.B)**
**အထက်တန်းရှေ့နေ (စဉ် – ၅၅၀၄၀/၁၀–၅–၂၀၂၂)**
**ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း – ၀၉–၇၇၆၉၂၆၅၃၃**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒဂုံမြောက်ယာဉ်မောင်းသင်လေ့ကျင့်ရေးစခန်း၊ ဗိုလ်မှူးဗထူးလမ်းရှိ ဆိုင်ခန်းအမှတ်(၃၇၊ ၃၈)၏ အမည်ပေါက် ဦးထိန်နန်းမြင့် [၁၂/ဥကမ(နိုင်) ၀၉၁၃၃၁၉] မှ ၂၇–၁–၂၀၂၃ ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပြီး အဆိုပါဆိုင်ခန်းကို ၎င်း၏ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ဝင်း [၁၂/တမန(နိုင်)၀၆၃၂၆၅]က ဦးကျော်ကျော်ထွန်း [၁၀/ကမရ(နိုင်)၁၀၀၅၀၀] သို့ ရောင်းချခဲ့ပြီး ဆိုင်ခန်းဝယ်ယူသူက ၎င်းအမည်သို့ အမည်ပြောင်းလဲပေးပါရန် ဌာနသို့ လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည် တစ်ဦးတည်းဖြစ်ပါကြောင်း

ညောင်တုန်းမြို့နယ်၊ အ.မ.က(တလိုင်းချောင်း) ကျောင်းမှ ကျောင်းအုပ်ကြီး နော်ဝင်းဝင်းမော်(ခ)ဒေါ်ဝင်းဝင်းမော် [၁၄/ညတန(နိုင်) ၀၃၁၆၇၇]၏ ဖခင်အမည်မှာ ဦးအကျင်(ခ)ဦးကျင်သည် တစ်ဦးတည်း ဖြစ်ပါသည်။ **နော်ဝင်းဝင်းမော်(ခ)ဒေါ်ဝင်းဝင်းမော်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်–၁၂/ချင်းတွင်းအနောက်ရပ်၊ မြေဧရိယာ(၀.၁၁၀)ဧကရှိ မြေကွက် အမှတ်(ပ–၂၃၇၃၇)ကို အမည်ပေါက် ဦးစိုး (ဘ) ဦးအောင်ထွန်း နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် [၁၂/သကတ(နိုင်)၀၂၂၉၇၃]မှ ဦးလှဝင်း (ဘ) ဦးကီရှိုး နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁/မကန(နိုင်)၂၁၁၅၂၆]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ လမ်းသစ်(၁)လမ်း၊ အမှတ်(၁၆၀၂)တွင် တရားဝင်နေထိုင်သူ ဒေါ်လှမြင့် (TKA–၀၀၁၆၁၄) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာ သည်မှာ–

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ လမ်းသစ် (၁)လမ်း၊ အမှတ် (၁၆၀၂/ခ)၊ မြေကွက်အမှတ် (၁၆၀၂/ခ)၊ စတုရန်းပေ (၁၂၀၀)ပေ၊ (အလျားx အနံ)(၂၀ပေx ၆၀ပေ)အကျယ်အဝန်း၏အနက်မှ ခြေရင်းခြမ်းဖြစ်သည့် (အလျားx အနံ)(၁၀ပေx ၆၀ပေ)အကျယ်အဝန်းရှိသော မြေကွက်နှင့်နေအိမ် တစ်စိတ်တစ် ဒေသအား တရားဝင်အမည်ပေါက်ဖြစ်သူ ဒေါ်ရင်ရင်မြင့် [၁၂/သကတ(နိုင်) ၀၄၇၀၁၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှမြင့် (TKA–၀၀၁၆၁၄)တို့သည် (၁၆–၁၂–၁၉၉၆)ရက်နေ့တွင် နှစ်ဦးသဘောတူအိမ်မြေအရောင်းအဝယ်ကတိ စာချုပ်ကို ပြုလုပ်ချုပ်ဆိုပြီး ဥပဒေနှင့်အညီ လက်ရောက်လက်ခံ ဝယ်ယူထားပြီး ယနေ့တိုင် နေထိုင်လျက်ရှိပါသည်။

အထက်တွင်ဖော်ပြထားသော မြေကွက်နှင့် နေအိမ်အဆောက်အဦတို့၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှမြင့်မှတရားဝင် ပိုင်ဆိုင်ထားသောကြောင့် ၎င်းမြေကွက်နှင့် နေအိမ်အဆောက်အဦအား အခြားသူ တစ်ဦးတစ်ယောက်ကို အပြီးအပိုင်ရောင်းချမည့်ဖြစ်သည့်အတွက် ကန့်ကွက်သူ ရှိပါက (၁၂–၁၀–၂၀၂၅)ရက်နေ့အတွင်း စာရွက်စာတမ်းမူရင်းများယူဆောင်ပြီး ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူများမရှိပါက အခြားသူများကို အပြီးအပိုင် ရောင်းချမည်ဖြစ်ပြီး သတ်မှတ်ရက်ထက်ကျော်လွန်ပြီးမှ လာရောက်ကန့်ကွက် ခဲ့ပါက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကျော်ကျော်လှိုင် [LL.B, D.B.L, W.I.P.O (Switzerland)]**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၆၃၆၀)**
**အမှတ်(၆၈၆)၊ အနော်မာ(၁၆)လမ်းအရှေ့၊ ၁/အနော်မာရပ်ကွက်၊**
**သာကေတမြို့နယ်။ ဖုန်း – ၀၉–၄၂၀၁၆၂၄၈၁၊ ၀၉–၇၅၈၇၆၆၃၆၃**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ မြို့မ(၁၄) လမ်း(အလယ်)၊ အမှတ်(၁၄၄)တွင် နေထိုင်သူ ဒေါ်ဟေမာနီဦး [၇/သဝတ(နိုင်) ၀၉၆၂၃၆] ကိုင်ဆောင်သူ၏ လွှဲအပ် ညွှန်ကြားချက်အရ အများသိစေရန်ကြေညာ သည်မှာ–

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ ခိုင်ရွှေဝါ(၂)လမ်း၊ အမှတ်(၁၁၉၈/ခ)၊ မြေကွက်အမှတ်(၁၁၉၈/ခ)၊ စတုရန်းပေ (၁၂၀၀ပေ)၊ (အလျားx အနံ) (၂၀ပေx ၆၀ပေ) အကျယ်အဝန်းရှိသော မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ် တို့အား မူလအမည်ပေါက် ဒေါ်အေးနုမှ ရောင်းထားပြီး အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်ကြသည့် ၁။ ဒေါ်နှင်းဝေလှိုင် [၁၂/သကတ(နိုင်) ၁၉၄၄၉၉]၊ ၂။ ဒေါ်လင်းလင်းထက် [၁၂/သကတ(နိုင်)၁၆၅၉၃၂]တို့ထံမှ ကျွန်ုပ် မိတ်ဆွေဖြစ်သူ ဒေါ်ဟေမာနီဦး [၇/သဝတ(နိုင်)၀၉၆၂၃၆] တို့သည် (၆–၁၂–၂၀၂၄) ရက်နေ့တွင် “နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်စာချုပ်”ကို ပြုလုပ်ချုပ် ဆိုပြီး ဥပဒေနှင့်အညီ ခြံစည်းရိုးခတ်ထားပြီး လက်ရောက်လက်ခံရရှိပြီး ပိုင်ဆိုင် ထားပါသည်။

အထက်တွင်ဖော်ပြထားသော မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဟေမာနီဦးမှ တရားဝင်ပိုင်ဆိုင်ထားသောကြောင့် ၎င်းမြေကွက်အား အခြားသူတစ်ဦးတစ်ယောက်ကို အပြီးအပိုင်ရောင်းချမည့်ဖြစ် သည့်အတွက် ကန့်ကွက်သူရှိပါက (၁၂–၁၀–၂၀၂၅) ရက်နေ့အတွင်း စာရွက်စာတမ်း မူရင်းများယူဆောင်ပြီး ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူများမရှိပါက အခြားသူ များကို မြေကွက်အပြီးအပိုင်ရောင်းချမည်ဖြစ်ပြီး သတ်မှတ်ရက်ထက်ကျော်လွန်ပြီးမှ လာရောက်ကန့်ကွက်ခဲ့ပါက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကျော်ကျော်လှိုင်**
**[LL.B, D.B.L, W.I.P.O (Switzerland)]**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၆၃၆၀)**
**အမှတ်(၆၈၆)၊ အနော်မာ(၁၆)လမ်းအရှေ့၊ ၁/အနော်မာရပ်ကွက်၊**
**သာကေတမြို့နယ်။ ဖုန်း – ၀၉–၄၂၀၁၆၂၄၈၁၊ ၀၉–၇၅၈၇၆၆၃၆၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(cc–၅)၊ ဦးပိုင်အမှတ်(၁၆၂–ခ)၊ ၁၀၅ လမ်း၊ ၅၅x၅၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမောင်ကိုထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၈၆၃/၂၀၂၂)ဖြင့် ဝယ်ယူခဲ့သူ ဦးမောင်မောင် သိန်း [၉/မရတ(နိုင်)၀၄၂၆၀၉]၊ ဒေါ်သင်းသင်းအေး [၉/မရတ(နိုင်)၀၄၁၅၅၀] တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၄၉၇/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဆွေဆွေမာဦး [၉/မရတ(နိုင်)၀၇၉၄၇၀]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ထောက်ကြန့်မြို့နယ်၊ ရဲစုတောင် ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၁၂၆/က) (ပေ ၂၀ x ပေ ၆၀) အကျယ် အဝန်းရှိ အိမ်နှင့်မြေကွက်တို့၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် ရောင်းချပိုင်ခွင့်ရှိသူ ဦးဖေချစ်ကို [၈/တတက(နိုင်)၁၅၄၇၈၈]ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးရာရ်ကူးမား [၉/မရတ(နိုင်)၀၀၃၅၂၉]နှင့် ဒေါ်မာလာ [၁၂/မဂဒ(နိုင်)၀၉၆၉၅၈]မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေ ထားပြီးဖြစ်ပါသောကြောင့် ယင်းအိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူ ရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့် အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်လင်းထွေး (LL.B) အထက်တန်းရှေ့နေ (စဉ် – ၃၈၂၃၈)**
**ရုံး – ရွှေပြည်သာတရားရုံးရှေ့၊ ရှေ့နေများနားနေခန်း၊**
**ရွှေပြည်သာမြို့နယ်။ ဖုန်း – ၀၉–၄၂၀၁၀၇၅၈၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (ဇဇ–၁၀)၊ ဦးပိုင်အမှတ်(၈၃)၊ ၁၀၇x၁၀၈ ကြား၊ ၅၀x၅၁ လမ်းကြားရှိ တကက ဦးတင်အောင်အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးသန်းဝင်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်စန္ဒာထွန်း)က တရားပြိုင် တပ်ကြပ်ကြီး တင်အောင်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၁၇/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးသန်းဝင်း [၁၃/နခန(ပြု) ၀၀၀၁၀၉၈]က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက် အမှတ်(ဇဇ–၂၈)၊ ဦးပိုင်အမှတ်(၄၃)၊ ၅၀x၅၁ လမ်းကြား၊ ၁၀၉x၁၁၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးဆွေ(ခ) ခင်ကြည်လွင် [၁၃/တယန(နိုင်)၀၁၄၃၄၀]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**


## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ–၁)၊ ဦးပိုင်အမှတ်–၅–က/ ၁၀၇x၁၀၈ လမ်းကြား၊ ၅၉လမ်းx မြို့ပတ်သံလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စုစုထွေး[၁၃/မဆတ(နိုင်)၀၂၉၉၈၃]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်အသိပေးကြေညာခြင်း

